# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

e – paper ဖတ်ရှုရန်


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 August 2026 ၁၂၂၈၂


## ယနေ့ ဖတ်စရာ


**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ**

စာမျက်နှာ ၅

**မွန်ပြည်နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်အနေဖြင့် အခွန်ငွေကျပ် ၄၅၅၈၉ ဒသမ ၆၂၉ သန်း ကောက်ခံရရှိ၊ အခွန်လျာထားချက် ပြည့်မီကျော်လွန်**

စာမျက်နှာ ၈

**တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ၌ ဒေသခံပြည်သူ ၈၀၀ အား သက်မွေးပညာများ သင်ကြားပေးနိုင်ခဲ့**

စာမျက်နှာ ၉

**“မသန်စွမ်း”ဟုသာ သုံးနှုန်းပါ**

ဆောင်းပါး စာမျက်နှာ ၁၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) မှ (၁၁/၆ + ၃၀၀) နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ယနေ့နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၃ သို့ ✳


## မအူပင်မြို့နယ်၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချ

မအူပင် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဒေသခံပြည်သူများနှင့် တက္ကသိုလ်အသီးသီးရှိဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်ဥများအား လက်ဝယ်အရောက် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက နယ်မြေမီးသတ်စခန်းရှေ့၊


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐




## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြု

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၉ ရက်အတွင်း


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ကြေးမုံ

# နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍကိုမြှင့်တင်အားပေး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည်။ နိုင်ငံတွင် ကာလရှည်ကြာ ပညာရေးအားနည်းမှုများရှိနေသောကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အားနည်းချက်များရှိနေပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဆင့်သို့တက်လှမ်းရန် လိုအပ်ချက်များရှိနေသည်။ ပညာရေးအားနည်း၍ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နောက်ကျကျန်နေဆဲဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအသက်သွေးကြောသည် "ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး"ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တာဝန် စတင်ထမ်းဆောင်ချိန်မှစပြီး ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးမူဝါဒအဖြစ် အလေးထား ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အခြေခံပညာရေးစနစ်ကို ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၏ သင်ကြားရေးစနစ်များကို နိုင်ငံတကာအဆင့်မီစေရန် ဘက်စုံမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယခင်က မူလတန်းပညာရေးကို မသင်မနေရ သတ်မှတ်သင်ကြားစေလျက်ရှိသော်လည်း ယခုအခါ KG+9 အလယ်တန်းပြီးဆုံးသည်အထိ မသင်မနေရ သတ်မှတ်ဆောင်ရွက်နေသည်။ ပညာရေးအသုံးစရိတ်များကိုလည်း နိုင်ငံ့ဘဏ္ဍာငွေခွဲဝေရာတွင် ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ်သုံးစွဲလျက်ရှိသည်။ ပညာရေးအားနည်းသည့်ဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်ပညာသင် တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍကို အထူးမြှင့်တင်အားပေးဆောင်ရွက်နေသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပိုင်စိုးကြမည့် မျိုးဆက်သစ်မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက် ရုရှား၊ ဘယ်လာရုစ်နိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံခရီးစဉ်တွင် မြန်မာလူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာ ပိုမိုပြည့်စုံစေရေးအတွက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိခဲ့သည်။ ပြီးခဲ့သည့် ၂၅ နှစ်အတွင်း ရုရှားနိုင်ငံသို့ မြန်မာပညာတော်သင် ၇၀၀၀ ကျော် စေလွှတ်တက်ရောက်စေခဲ့သည်။ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍပေါင်းစုံတွင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုကို ကျေးဇူးတင်ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် သိပ္ပံ၊ နည်းပညာသာမက စီးပွားရေးပညာရှင်များ၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်နားလည်သူများ၊ ဥပဒေကျွမ်းကျင်နားလည်သူများ အများအပြားလိုအပ်သည်။ ထို့ကြောင့် လွန်ခဲ့သည့် လေးနှစ်မှစတင်၍ မြန်မာနိုင်ငံရှိ ဝိဇ္ဇာ၊ သိပ္ပံ ပညာသင်တက္ကသိုလ်များအားလုံးတွင် ဝိဇ္ဇာဘွဲ့(စီးပွားရေး)၊ ဝိဇ္ဇာဘွဲ့(ဥပဒေ)သင်တန်းများဖွင့်လှစ်ခြင်း၊ ထူးချွန်ကျောင်းသားပညာသင်ဆုများ ပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနအောက်တွင် ဖွင့်လှစ်ထားသလို အခြားဝန်ကြီးဌာနများတွင်လည်း တက္ကသိုလ်များဖွင့်လှစ်ထားသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်နှင့် ဘယ်လာရုစ်နိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရန်အသင့်ဖြစ်နေသည်။ အလားတူ ဘယ်လာရုစ်သမ္မတကြီး မြန်မာနိုင်ငံသို့လာရောက်ချိန်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရာတွင် ကန့်သတ်မှု၊ တားမြစ်ထားမှု တစ်စုံတစ်ရာလုံးဝမရှိဘဲ ပူးပေါင်းဆောင်ရွက်သွားမည်ဟု အသိပေးထားသည်။ ဘယ်လာရုစ်နိုင်ငံသည် သိပ္ပံပညာရပ်များတွင်သာမက အာကာသနည်းပညာနှင့် ဂြိုဟ်တုအသုံးချသည့်လုပ်ငန်းများတွင် တိုးတက်မှုရှိနေသဖြင့် မြန်မာအာကာသအေဂျင်စီနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားသည်။

အလားတူပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်လည်း အာကာသနည်းပညာနှင့် ဂြိုဟ်တုအသုံးချလုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ မကြာမီကာလတွင် မြန်မာနိုင်ငံက ရွေးချယ်ထားသော အာကာသယာဉ်မှူးများအနေဖြင့် ရုရှားနိုင်ငံနှင့်ပူးပေါင်းပြီး ဂြိုဟ်တုအသုံးပြု အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအသက်သွေးကြောသည် "ပညာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး"ဖြစ်၍ ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ပြီး ပေါ်ထွက်လာသော လူသားအရင်းအမြစ်များဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထင်အောင်ကျော်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရပ်စောက်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်း

ရပ်စောက် ဩဂုတ် ၂၅

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်က အဆိုပါမြို့နယ်ရုံး၌ ကျင်းပရာ မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းဆင်း သင်တန်းသားများ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၂၅-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၅၂၅,၈၀၈.၅၀ | ၄၆,၈၈၈,၀၀၈.၈၃ | ၈၉,၄၉၅,၁၄၇.၆၄ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍ၊ CMP ကဏ္ဍနှင့် လောင်စာဆီကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၅ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၇၄၇ | ၁၃,၄၄၆,၀၀၀ |
| MTSH | ၉,၀၀၀ | ၉,၁၀၀ | ၃,၉၀၅ | ၃၅,၁၅၂,၈၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁၀၀ | ၁,၃၀၀,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၂,၇၄၁ | ၁၈,၆၃၉,၃၀၀ |
| TMH | ၃,၇၀၀ | ၃,၃၅၀ | ၄၃ | ၁၅၄,၉၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၃,၀၀၁ | ၅,၅၅၁,၉၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၁ | ၄၄,၀၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၂၉၀ | ၁,၉၄၃,၀၀၀ |
| MADPL(PLB) | ၆,၁၀၀ | ၆,၁၀၀ | ၀ | ၀ |
| ASPGB(PLB) | ၆,၈၀၀ | ၆,၉၀၀ | ၄,၉၅၅ | ၃၃,၆၀၉,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

**ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းအားဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ ပိုမိုခိုင်မာအားကောင်းစေမည်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှအကြီးအကဲများ၏ ဖိတ်ကြားချက်များအရ သွားရောက်ခဲ့ကြောင်း၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

မကြာသေးမီ ရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့် ကာကွယ်ရေး၊ စက်မှုလက်မှု ကဏ္ဍများအပါအဝင် နယ်ပယ်စုံကဏ္ဍစုံမှ အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အဓိကကျသည့် ကုန်သွယ်ရေး အချက်အချာဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း သိရှိထားကြရန်လိုကြောင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် **အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် **အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း။

❖ **ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ် အသုံးချဆောင်ရွက်သွားကြရမည်**

**နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ် အလုပ်လုပ်ကြရန်လို**

နိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက စီးပွားရေးကျဆင်းမှုကို အဓိကအခြေခံ၍ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်ဖြင့် တင်ပြကြရန်လိုကြောင်း၊ တင်ပြသည့် ကိန်းဂဏန်း အချက်အလက်များကို အခြေခံတွက်ချက်၍ နိုင်ငံစီးပွားတိုးတက်မှုရှိစေရေးစီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြေပြင်ပကတိအခြေအနေမှန်နှင့် ကိန်းဂဏန်း အချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျ စိစစ်တင်ပြကြရန် လိုကြောင်း။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းအနေဖြင့် စီးပွားရေးအားကောင်းမွန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မိမိတို့အနေဖြင့်လည်း ရနိုင်သမျှသော စွမ်းအားများနှင့် အခွင့်အလမ်းများကို အသုံးချပြီး စီးပွားရေးအား ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့် စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေး တိုးတက်အောင်မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

❖ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်**

ပြည့်အင်အားသည့် ပြည်တွင်းမှာသာရှိသည် ဟူသည့်အတိုင်း ပြည်ပမှ ထောက်ပံ့ငွေများ၊ ချေးငွေများကိုမိမိတို့အနေဖြင့်အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်နေသည်မှာ အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ကြရန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများ အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေပေါ်မြေအောက်သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ ထုတ်ယူဆောင်ရွက်ခြင်းထက် ပြန်လည်ဖြည့်တင်းဆောင်ရွက်နိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုသာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် မြန်မာ့ပေါ်ဆန်းမွှေးစပါးကို တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေး၊ ဈေးကွက်ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်နှင့် တစ်ဧကအထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **“ဥစ္စာရင်လို ဥစ္စာရင်ခဲ”** ဟူသည့်အတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက်လုပ်ငန်းများ အောင်မြင်မှုရှိစေရေး နည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထိုကဲ့သို့ **နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက် တစ်ခုပင်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးမှာ ထိုက်သင့်သလောက်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များလာမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာရေးကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ကျောင်းများအားလုံး စံကိုက်ကျောင်းများ ဖြစ်စေရေးမှအစ လိုအပ်သည့်အခြေခံသင်ထောက်ကူ ပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံ အထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝါစိုက်ပျိုးခြင်း၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ပြီး လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆီထွက်သီးနှံတွင်ပါဝင်သည့် နှမ်းစိုက်ပျိုးရာတွင်လည်း အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းရန်၊ စိုက်ပျိုးရေနှင့်အောင်ရေလုံလောက်စွာ ရရှိရန် လိုအပ်သဖြင့် နှမ်းစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးအဖြစ် မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့် ပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာထုတ်ကုန်များမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက် ကြီးမားကျယ်ပြန့်စွာရှိသည့်အတွက် အထွက်နှုန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိပြီး နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်အားကိုးသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးအရအရေးယူ ပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိနေကြောင်း။**

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

## ကုန်သွယ်မှုလျင်မြန် လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်

❖ မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရ

❖ အဓိကအားဖြင့် သက်ဆိုင်ရာစည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရ

❖ မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်

ကုန်သွယ်မှုနှင့်ပတ်သက်၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအားလုံးကို ရိုးရိုးသားသားမှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုပြီး မရိုးမသားဆောင်ရွက်ခြင်းများကြောင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကို ထိခိုက်နစ်နာမှုများ မဖြစ်စေရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း လမ်းကြောင်းများတစ်လျှောက်၌ မလိုလားအပ်သည့် စစ်ဆေးရေးဂိတ်များ လျှော့ချသွားရန်လိုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ထိခိုက်နစ်နာခြင်း၊အရည်အသွေးမပြည့်မီသည့် ပစ္စည်းများအား ပြည်သူများအနေဖြင့် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသဖြင့်ထိခိုက်နစ်နာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ကုန်သွယ်မှုလျင်မြန် လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး တာဝန်ရှိသူများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် ယခုကာလသည် မိုးရာသီဖြစ်သဖြင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကအားဖြင့် မြစ်ကြီးများအပါအဝင် ချောင်းမြောင်းများတိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှု များပြားလာခြင်းများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ မြစ်ကြီးများ၊ ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများ ဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုများ ကောင်းမွန်လာပြီး ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့် စက်ကြီးများဖြင့် ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အချို့ မြို့ပေါ်လူနေရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက်လည်း အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်ကြရန်လိုကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် မြို့များတွင် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နေလူထုတို့မှ မိမိတို့မြို့ရွာ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းတားဆီးကာကွယ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ **အဓိကအားဖြင့် သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့်ပူးပေါင်းပြီး မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်သွားကြစေလိုကြောင်း။

အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၀၀၀၀ ခန့် ရှိပြီး စံကိုက်သည့်ကျောင်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အခြေခံပညာကျောင်းများကို စံကိုက်ညီမှု သတ်မှတ်ချက်ကိုခွဲခြားဆောင်ရွက်ရာတွင် အခြေခံပညာမူလတန်းကျောင်းအနေဖြင့် သတ်မှတ်ဧရိယာမှာ ၃ ဧကမှ ၅ ဧက၊ အခြေခံပညာ အလယ်တန်းကျောင်းအနေဖြင့် ၅ ဧကမှ ၇ ဧက၊ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ၇ ဧကမှ ၁၀ ဧက ရှိရန် သတ်မှတ်ထားကြောင်း၊ စံကိုက်ကျောင်းများအဖြစ် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန်နေရာများနှင့် ကစားကွင်းများ ရှိရန်လိုသကဲ့သို့ အဆောက်အအုံများကိုလည်း စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေများကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာအကျယ်အဝန်းအခြေအနေပေးသည့် ကျောင်းများအား မိမိတို့အစိုးရ တာဝန်ယူချိန်အတွင်း စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်နှင့် ရေရှည်အတွက်ထည့်သွင်းစဉ်းစားလျာထား၍ စီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ စာသင်ကျောင်းများအနီးပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အခွန်ထမ်းငွေများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက်အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏ မျက်နှာကို ကြည့်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသကဲ့သို့ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ဆောင်ရွက်သည့် မူဝါဒများကိုလည်း အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း စနစ်တကျဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❒ မအူပင်မြို့နယ်မှ**

မအူပင်တက္ကသိုလ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ Polytechnic University (MAUBIN)တို့သို့ သွားရောက် ရောင်းချသည်။

ထိုသို့ ရောင်းချပေးမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကိုကိုဝင်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများနှင့် ဆီလုပ်ငန်းရှင်များ၊ ဆန်လုပ်ငန်းရှင်များ၊ ကြက်ခြံ မွေးမြူရေးလုပ်ငန်းရှင်များပူးပေါင်း၍ ကြက်ဥတစ်လုံး ငွေကျပ် ၄၀၀ ဖြင့် အလုံး ၉၀၀၀ နှင့် ဆီ ငါးဆယ်သား ငွေကျပ် ၄၂၀၀ ဖြင့် ပိဿာချိန် ၆၀၊ ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆန် ငါးအိတ်ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

---

**❋ ညောင်တုန်းမှ**

မြစ်ကမ်းပါးရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာကိုယ်ထည် တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာ၏ အနောက်ဘက် ပေ ၂၀၀ ခန့် အကွာတွင် အလျားပေ ၇၀၀ ပေ၊ အမြင့် ၁၀ ပေ ယာယီတာပတ်ခြင်း (Ring Bund) လုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်ခြင်း၊ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်ဆင့်ခြင်း၊ တာထောက်ခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ကမ်းပါး ရေတိုက်စားမှုဖြစ်ပွားသည့်နေရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ဩဂုတ် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် နိုင်လွန်ပိုက်နှင့် ရေရှိန်သတ် နုန်းဖမ်းခြင်းလုပ်ငန်းလေးခုကို ဆောင်ရွက်ခဲ့သော်လည်း ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်စဉ် ဖြစ်ပွားသည့်နေရာအနီးရှိ ချောင်းကြီး၊ ဂန်ချောင်း၊ မာယူနှင့် ထုံးဝ စသည့် ကျေးရွာများကိုလည်း ရေဘေးလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး အကြောင်းကြားထားပြီး တာပတ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်နေရာအနီးရှိ လူနေအိမ်များကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ မိုးသည်းထန်စွာမှ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

**မိုး/ဇလ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**ဦးဆောင်စိုက်ပျိုး**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ်၊ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနဲ့ ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်၌ ၁၁၅၉၁ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၀၃၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၃၄၆၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၂၉၁၀၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၉၅၇၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၆၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၉၁၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၆၉၃၃ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၁၀၉၉၀၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ ၃၉၀၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၁၀၀၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ၆၁၉၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၆၉၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၃၈၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၁၄၈၂၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပစဉ်။

## ကြံခင်းမြို့၌ ဆန်၊ ကြက်ဥ၊ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ကြံခင်း ဩဂုတ် ၂၅**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့ ဈေးတာဝန်ခံရုံးရှေ့တွင် မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီမှ ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များ ဖြစ်သော ဆန်၊ ကြက်ဥ၊ စားအုန်းဆီနှင့် အသားများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။



**ရောင်းချပေး**

ထိုသို့ရောင်းချရာတွင် မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီအဖွဲ့နှင့် စားအုန်းဆီလက်လီ/လက်ကား၊ ဆန်နှင့် မွေးမြူရေး လုပ်ငန်းရှင်များ ပူးပေါင်း၍ စားအုန်းဆီ၊ ပေါ်ဆန်းဆန်၊ ကြက်ဥ၊ အမဲသားတို့ကို တစ်ဦးလျှင် ဆီ ၅၀ ကျပ်သား၊ ဆန်တစ်ပြည်၊ ကြက်ဥငါးလုံးနှင့် အမဲသားများကို စားသုံးသူများ လက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## အမရပူရမြို့နယ်၌ တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုပေးအပ်

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ ပူးပေါင်း၍ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် သမဝါယမအသင်းသားတောင်သူများအား မျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို သာလှအေးကျေးရွာနှင့် ဘောဘုံကျေးရွာတို့၌ ဩဂုတ် ၂၃ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးက သမဝါယမအသင်းသားများအား မိုးစပါးစီမံကိန်းအတွက် အရင်းမပျောက်မတည်ငွေဖြင့် သွင်းအားစုများ ပံ့ပိုးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ထို့နောက် သာလှအေးကျေးရွာ သာလှအေးစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်းလီမိတက်၏ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးဧက ၅၀ နှင့် ဘောဘုံကျေးရွာ အောင်မြင့်မြတ် စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးဧက ၅၀ တို့အတွက် တစ်ဧကလျှင် ငွေကျပ်၂၅၀၀၀၀ နှုန်းဖြင့် သွင်းအားစု ပံ့ပိုးငွေကျပ် ၂၅၀၀၀၀၀၀ နှင့် သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင် (အမရပူရ)**

# အနေဝေးသော်လည်း သွေးမဝေးသည့် ယုံကြည်စိတ်ချအားထားရသော ကာလရှည်မိတ်ဖက်နိုင်ငံ

**မောင်ငြိမ်းအေး**

**(ယမန်နေ့မှအဆက်)**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံမှ နောက်နေ့နံနက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်၍ ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား Double Tress by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။ ဘယ်လာရုစ်နိုင်ငံမှ မထွက်ခွာမီ အဝေးတစ်နေရာတွင် ရောက်ရှိနေသည့် သားသမီးများအား မိဘကသွန်သင်ဆုံးမလမ်းညွှန်ပြသ အားပေးစကားပြောကြားသကဲ့သို့ ဘယ်လာရုစ်နိုင်ငံတွင် ရောက်ရှိနေသည့် ဝန်ထမ်းများနှင့် သင်တန်းသားများအား သိရှိမှတ်သား လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည်။

ဘယ်လာရုစ်နိုင်ငံသည် လယ်ယာစက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိသည်။ နိုင်ငံတော်သမ္မတ ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရပြီး ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်ဟု ယုံကြည်ထားသည်။ ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အောင်မြင်စေရေးအတွက် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် နိုင်ငံတော်သမ္မတက မှာကြားခဲ့သည်။

### အကျိုးရှိအောင်ဆောင်ရွက်

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေးသင်ကြားရေးသည် အဆင့်မီသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများ လာရောက်ပညာဆည်းပူးလျက်ရှိသည်။ ဘယ်လာရုစ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များအား မြန်မာနိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျ သင်ယူကြရမည်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့်နိုင်ငံဖြစ်ပြီး ငွေကြေးနှင့် အချိန်များပေးဆပ်ကာ ပညာသင်ကြားနေကြရခြင်းဖြစ်၍ ပညာကို စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာသင်တန်းသားများကဲ့သို့ပင် အာရှနိုင်ငံများမှ လာရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများ ကောင်းမွန်အောင်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို ကိုယ်တိုင်သိရှိအောင် လေ့လာဆောင်ရွက်ကြရန်လိုသကဲ့သို့ မသိရှိသေးသူများကိုလည်း သိရှိစေရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့၏ အတွေ့အကြုံနှင့် တိုင်းပြည်၏အခြေအနေအပေါ်မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင် နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်၊ ပညာသင်ကြားရေးအပိုင်းတွင် တစ်ဦးချင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကိုလေ့လာရန်၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာနေကြရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၂ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

### စိတ်လက်ရွှင်လန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြသည်။ ထို့နောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှ ရုရှားနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ အချိန်ကြာမြင့်စွာခရီးသွားခဲ့ရသော်လည်း တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့၏ နွေးထွေးပျူငှာ လှိုက်လှဲဖော်ရွေစွာ ခရီးဦးကြိုဆိုပြုမှုကြောင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအားလုံး ခရီးပင်ပန်းနွမ်းနယ်သမျှ လွင့်စဉ်ပျောက်ပျယ်သွားပေသည်။ ထူးခြားလေးနက်သည့် အထင်ကရဒေသသို့ သွားရောက်လေ့လာရမည်ဖြစ်၍ စိတ်ရွှင်လန်းတက်ကြွခြင်းဖြစ်ကြရသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံရာတွင် တူဗားပြည်နယ်အကြီးအကဲက နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများ တူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### အရှိန်အဟုန်တိုးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတက တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေကြောင်း ပြောကြားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျားကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်သည်။ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို နိုင်ငံတော်သမ္မတက အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

### အထင်ကရနေရာတစ်ခု

ဩဂုတ် ၂၃ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ဝင်များ၊ တူဗားပြည်နယ်အကြီးအကဲ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ကီဇီးလ်မြို့ရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **စာမျက်နှာ ၇ သို့**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများ ဩဂုတ် ၂၂ ရက်က ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးစဉ်။

❍ စာမျက်နှာ ၆ မှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့်နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ မြစ်ကမ်းနံဘေးတွင်တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ ပထဝီဗဟိုချက်ကျရောက်သည့်နေရာကို အထိမ်းအမှတ်ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သို့ရောက်ရှိပြီး တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာ လည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" ၏ သမိုင်းမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ အဆိုပါ တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သည် **ကီဇီးလ်မြို့၏** ဗဟိုချက်မဖြစ်သော Arat Square (အာရက်ရင်ပြင်တွင်)တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ အမည်ပေးထားခြင်းဖြစ်သည်။ အဆိုပါ အမျိုးသားဂီတနှင့်ပြဇာတ်ရုံတွင် ကမ္ဘာကျော်တူဗားရိုးရာ လည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓဘာသာရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများ ဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်က နေထိုင်မှုပုံစံ သရုပ်ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**❝ ရုရှားနိုင်ငံခရီးစဉ်တွင် မြန်မာ-ရုရှား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်လေးစားမှုတို့ကို ယခင်ထက် ပိုမိုမြှင့်တင်နိုင်ခဲ့သည်။ အားကြီးသူနှင့် အားငယ်သူဖြစ်သော်ငြား မိတ်ကောင်းဆွေကောင်းထက်ပိုသည့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအဖြစ် ခံယူထားကြသည်ဖြစ်၍ ကိုယ်နှင့်ထပ်တူ သဘောထားဆက်ဆံခဲ့ကြသည်။ ရိုင်းပင်းကူညီဖေးမခဲ့ကြသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့်လည်း အတတ်ပညာ၊ နည်းပညာ၊ အခွင့်အလမ်းများရရှိမည်သာမက နှစ်နိုင်ငံ ကုန်သွယ်စီးပွားအခွင့်အလမ်း အကျိုးအမြတ်များတိုးပွားလာမည် ❞**

အဆိုပါ တူဗားပြည်နယ် အမျိုးသားပြတိုက်ကို



အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ် ကျောက်တိုင်ကို တွေ့ရစဉ်။

၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ပြတိုက်တွင် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားပြီး တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့် အော်သိုဒေါ့တို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများအပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားသည်။ တူဗားပြည်နယ်အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသောသမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းထားသောနေရာတစ်ခုဖြစ်သည်။ နိုင်ငံတော်သမ္မတ ရောက်ရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏ မြို့တော်ဖြစ်သည်။

### ယဉ်ကျေးမှုအစဉ်အလာ

တူဗားပြည်နယ်သည် ကုန်းတွင်းပိတ်ဒေသဖြစ်ပြီး မြေမျက်နှာသွင်ပြင်မှာ ထူးခြားသည်။ Syan Mountains နှင့် Altai Mountains တို့က ဒေသကို ဝန်းရံထားသည်။ အလယ်ပိုင်းတွင် ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိသည်။ ဒေသအတွင်း Yenisei မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုသည့်မြစ်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူရေးသည် တူဗားဒေသ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ပါဝင်သည်။ တူဗားဒေသတွင် နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသ ယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံဖြစ်သည်။ တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှားမန်နတ်ကိုးကွယ်မှုများ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းစွာထိန်းသိမ်းထားသောဒေသဖြစ်သည်။ တူဗားဒေသမြို့တော် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏ အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာ တက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားသည်။

(၄)ကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာဖိုရမ်ကို မကြာမီက ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ အလားတူ အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံ စသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ ထင်ရှားသောရိုးရာဂီတဖြစ်သည်။ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန် အလွန်မြင့်မားသဖြင့် ရာသီဥတုအလွန်ပြင်းထန်သည့်ဒေသဖြစ်သည်။ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့် သဘာဝတောတောင်ရေမြေများနှင့် သမိုင်းကြောင်းများအရ ထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပထင်ရှားသည့်ဒေသတစ်ခုဖြစ်သည်။ တူဗားဒေသသည် ရေမြေတောတောင် ရာသီဥတုကွာခြားမှုရှိသည့် မြန်မာနိုင်ငံနှင့်ဆင်တူသည့်အပြင် မြန်မာနိုင်ငံအပေါ် သံယောဇဉ်မြင့်မားသဖြင့် တစ်သွေးတစ်သားတည်းဟု ဆိုရမည်ဖြစ်သည်။

### ပြန်လည်ထွက်ခွာ

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခုနစ်ရက်ကြာ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်ကို သုံးသပ်ကြည့်မည်ဆိုလျှင် အောင်မြင်သော ခရီးစဉ်ဆိုသည်ထက် ပိုမိုလေးနက်နက်ရှိုင်းသည့် မဟာဗျူဟာမြောက်သည့် ခရီးစဉ်ဟုဆိုရမည်ဖြစ်သည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရသစ် နိုင်ငံတော်၏တာဝန်ကို စတင်တာဝန်ထမ်းဆောင်ခဲ့သည့် လေးလတာကာလ အတိအကျအားဖြင့် ရက်ပေါင်း ၁၃၅ ရက်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် နိုင်ငံတကာဆက်ဆံရေးမှတ်တိုင်ကို အထင်အရှား စိုက်ထူပြသနိုင်ခဲ့သည်။ နိုင်ငံတကာနယ်ပယ်အချို့တွင် မြန်မာနိုင်ငံအပေါ် မည်သို့ပင်သဘောထားသော်ငြားလည်း နိုင်ငံတော်သမ္မတကြီး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အောင်မြင်မှုများရရှိနေသည်ကို ငြင်းမရသည့် သက်သေများနှင့် မြင်တွေ့နေရပြီဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခြောက်နိုင်ငံတို့ကို နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်များအဖြစ် သွားရောက်ခဲ့ပြီးဖြစ်သည်။ ခြောက်နိုင်ငံ မိုင်ပေါင်း နှစ်သောင်းနီးပါးခရီးရှည်ကြီးအတွင်း နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်သည်သာမက နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်ချက်များကို နိုင်ငံတကာမီဒီယာကြီးများပင် အသိအမှတ်ပြုခဲ့ကြသည်။ ယခု မိုင်ပေါင်း ထောင်ချီဝေးကွာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံခရီးစဉ်တွင် အိန္ဒိယနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကလည်း ခရီးဦးကြိုဆို ရင်းနှီးဆက်ဆံမှု ပိုမိုဖြည့်စွက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏နိုင်ငံတကာဆက်ဆံရေး ကြိုးပမ်းဆောင်ရွက်မှုတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ ကမ္ဘာ့နိုင်ငံကြီး သုံးနိုင်ငံမှ ခေါင်းဆောင်များနှင့်ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံဆွေးနွေးနိုင်ပြီး အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်နိုင်ကာ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်နိုင်ခဲ့သည်။

### နှစ်နိုင်ငံအကျိုးစီးပွား

ရုရှားနိုင်ငံခရီးစဉ်တွင် မြန်မာ-ရုရှား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှုတို့ကို ယခင်ထက် ပိုမိုမြှင့်တင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးဖြစ်သည်။ အားကြီးသူနှင့် အားငယ်သူဖြစ်သော်ငြား မိတ်ကောင်းဆွေကောင်းထက်ပိုသည့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအဖြစ် ခံယူထားကြသည်ဖြစ်၍ ကိုယ်နှင့်ထပ်တူ သဘောထားဆက်ဆံခဲ့ကြသည်။ ရိုင်းပင်းကူညီဖေးမခဲ့ကြသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့်လည်း အတတ်ပညာ၊ နည်းပညာ၊ အခွင့်အလမ်းများရရှိမည်သာမက နှစ်နိုင်ငံ ကုန်သွယ်စီးပွားအခွင့်အလမ်း အကျိုးအမြတ်များ တိုးပွားလာမည်ဖြစ်သည်။ ခရီးစဉ်တွင် နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ အာကာသနှင့် နည်းပညာ၊ သိပ္ပံနှင့် နည်းပညာ၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးစသည့် နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းခြုံဆွေးနွေးနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတအနေဖြင့် အစည်းအဝေးပေါင်း ၁၅ ခုတွင် ဆွေးနွေးခဲ့ပြီး G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့သည်။

ဘယ်လာရုစ်နိုင်ငံခရီးစဉ်တွင် ဘယ်လာရုစ်သမ္မတကြီးနှင့် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများနှင့်လည်း ဆွေးနွေးနိုင်ခဲ့သည်။ မင့်စ်မြို့တွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံ၏ အားသာချက်များကို ထုတ်ဖော်တင်ပြနိုင်ခဲ့ပြီး ဘယ်လာရုစ်နိုင်ငံ၏ အားသာချက်များနှင့်ပေါင်းစပ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေး သဘောတူညီချက်များရရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတွင် အကန့်အသတ်မထားဘဲ အဆင့်မြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဘယ်လာရုစ်သမ္မတကြီး ကတိပြုချက်သည် မိတ်ဆွေရင်းထက်ပိုသည့် မိတ်ကောင်းဆွေကောင်း ဆက်ဆံဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတအနေဖြင့် ရုရှား၊ ဘယ်လာရုစ် သမ္မတကြီးနှစ်ဦးစလုံးနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုအပြင် မိတ်ဆွေသူငယ်ချင်းဆက်ဆံရေးဖြင့် နှစ်နိုင်ငံ အကျိုးစီးပွားများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ရုရှား၊ ဘယ်လာရုစ်နှစ်နိုင်ငံ တရားဝင်ခရီးစဉ်သည် အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် မိတ်ဆွေနိုင်ငံ၊ ကာလရှည်မိတ်ဖက်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများအဖြစ် နှစ်နိုင်ငံအကျိုးစီးပွားများကို ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်ပါသည်။ ။

## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



**ထားဝယ် ဩဂုတ် ၂၅**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း ၁၁ ခုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ရေဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးမိုးကျော်သူက "မြိတ်မြို့နယ်တွင် ငါးပစ်ဂိမ်းလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကိုဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တတိယအကြိမ် တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ရပ်နားခဲ့ပြီး တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိခင်တိုင်းရင်းစာပေ သင်တန်းဆင်း

**ဟားခါး ဩဂုတ် ၂၅**

မိခင်တိုင်းရင်းစာပေသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သင်တန်းနည်းပြများနှင့် သင်တန်းထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ၊ သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မွန်ပြည်နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်အနေဖြင့် အခွန်ငွေကျပ် ၄၅၅၈၉ ဒသမ ၆၂၉ သန်း ကောက်ခံရရှိ၊ အခွန်လျာထားချက် ပြည့်မီကျော်လွန်

**မော်လမြိုင် ဩဂုတ် ၂၅**

မွန်ပြည်နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်အနေဖြင့် အခွန်ငွေကျပ် ၄၅၅၈၉ ဒသမ ၆၂၉ သန်း ကောက်ခံရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၈ ရာခိုင်နှုန်း ကောက်ခံရရှိသဖြင့် အခွန်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိခဲ့ကြောင်း မွန်ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။



**ရှင်းလင်းတင်ပြ**

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပြီး မွန်ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက နိုင်ငံတော်မှ ကောက်ခံသည့် အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြား၍ တွဲဖက်အတွင်းရေးမှူး ပြည်တွင်းအခွန်များ ဦးစီးဌာန ပြည်နယ် အခွန်ဦးစီးဌာနမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိခြင်းအတွက် သုံးသပ်ခြင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဘဏ္ဍာနှစ်အလိုက် အခွန်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် နတ်သူရဲကျေးရွာအုပ်စုရှိ နတ်သူရဲကျေးရွာ၊ ကြံဘိုကျေးရွာ၊ ပန်းပဲစုကျေးရွာနှင့် တာတိုင်ကုန်းကျေးရွာတို့မှ သမဝါယမအသင်းသားတောင်သူများနှင့် ဩဂုတ် ၂၄ ရက်က ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးက တောင်သူများ၊ သမဝါယမအသင်းသားတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးချင်းတစ်ယောက်ချင်း စိုက်ပျိုးဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ဆက်တစ်စပ်တည်းရှိလယ်ယာမြေများကို စုပေါင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းရောင်းချခြင်းများသည် တောင်သူများအတွက် အကျိုးကျေးဇူး များစွာရှိကြောင်း ရှင်းလင်းဆွေးနွေးရာ အဆိုပါ တွေ့ဆုံပွဲသို့ တောင်သူများနှင့် သမဝါယမအသင်းသား တောင်သူ ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြောက်ဥက္ကလာပမြို့နယ်၌ ထိုက်သူပန်ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ထိုက်သူပန် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၂ ရက်က (၄)ရပ်ကွက် ခေမာကျောင်းလမ်း ဓမ္မမာမကဓမ္မာရုံ၌ ပြုလုပ်သည်။



ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင် ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသူ ဒေါ်ဝင်းနေဖြိုးက ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ် ကျေးရွာအုပ်စု သင်းဒီးနည်းပညာပြန့်ပွားရေးစင်တာတွင် ဩဂုတ် ၂၄ ရက်က ဝါသီးနှံအထွက်နှုန်း တိုးတက်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ဦးစီးမှူး၊ ကျောက်ဆည်ခရိုင် ပိုးမွှားတာဝန်ခံ ဦးစီးအရာရှိဒေါ်ရီရီငွေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အောင်တို့က ပြန်လည်ဖြေကြားသည်။

ယင်းနောက်တောင်လွှဲကျေးရွာအုပ်စု မင်းရဲနည်းပညာပြန့်ပွားရေးစင်တာ၌ သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် ထယ်ထိုးမြေမြှုပ်ခြင်းကွင်းသရုပ်ပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




## တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဒေသခံပြည်သူ ၈၀၀ အား သက်မွေးပညာများ သင်ကြားပေးနိုင်ခဲ့

တောင်ကြီး ဩဂုတ် ၂၅

တောင်ကြီးမြို့နယ် အေးသာယာမြို့ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ စတင်ဖွင့်လှစ်ချိန်မှစ၍ ယနေ့အချိန်အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် သက်မွေးပညာသင်တန်းများ ၂၂ ကြိမ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၁၈ ကြိမ် စုစုပေါင်းသင်တန်းအကြိမ် ၄၀ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၈၀၀ အား သက်မွေးပညာများ သင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။

အလားတူယနေ့တွင်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၂၆)နှင့် တိုင်းရင်းသားရိုးရာစက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၂၆)သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက သင်ကြားရရှိခဲ့သည့် သက်မွေးပညာရပ်များကို အကျိုးရှိရှိအသုံးပြု၍ နေ့စဉ်ဝင်ငွေရရှိရန်နှင့် အကျိုးအမြတ်ရရှိနိုင်သည့် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်အောင် ကြိုးစားကြရန် ပြောကြားကာ ကွန်ပျူတာသင်တန်းနှင့် တိုင်းရင်းသားရိုးရာစက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ စီ တက်ရောက်ခဲ့ကာ နည်းပြဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၂၅

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ကယားပြည်နယ် သတ္တုတွင်းစီမံကိန်းရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် (၅၀ x ၇၀)ပေ RC တစ်ထပ် ရုံးအဆောက်အအုံသစ် တည်ဆောက်ခြင်း၊ (၆၉၀ x ၁၅ )ပေ ရုံးအဝင် ကွန်ကရစ်လမ်းခင်းခြင်း၊ သတ္တုသိုလှောင်ရုံ၊ စတိုသိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာများ အကြီးစားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဘာဒိုရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း အရှည် ၃၆၈၅ ပေအား မြေသားလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲ/ယာတွင် အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးရန် မှာကြားသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဒေါဥခူရပ်ကွက် ငုရွှေဝါလမ်း အရှည် ၁၇၀၆ ပေ၊ အကျယ် သုံးပေခွဲ ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြန်မာအီလက်ထရောနစ်မဲပေးစက် ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်



မန္တလေး ဩဂုတ် ၂၅

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို ဩဂုတ် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်(ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးရှိ ဝန်ထမ်းများအား အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်၊ မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင်စဉ်ဆက်မပြတ် ဆောင်ရွက် သွားနိုင်ရန်နှင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် ကျွမ်းကျင်သော ဝန်ထမ်းများ ရရှိစေရန် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုသိမ်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆန်၊ ဆီ၊ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို ဩဂုတ် ၂၄ ရက်က ရွှေစေတီလမ်းထောင့်၌ ဆောင်ရွက်သည်။

အဆိုပါရောင်းချပေးမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပုသိမ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ဦးကျော်စိုးအောင် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူများ နေ့စဉ်လိုအပ်လျက်ရှိသော ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀၊ စားအုန်းဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၄၀၀၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၅၀ နှင့် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၅၅၀ တို့ဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများ အဆင်ပြေစွာ ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



## ဖျာပုံမြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူ ပြုနိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၂၃ ရက်



မွန်းလွဲပိုင်းက ဖျာပုံမြို့ အမှတ်(၁၉) ရပ်ကွက်အတွင်း ရောင်းချပေးကြသည်။

ထိုသို့ ရောင်းချပေးရာတွင် ဖျာပုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွေးသိမ်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖျာပုံမြို့ အမှတ် (၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား အခြေခံစားသောက်ကုန် ပစ္စည်းများကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူ စားသုံးနိုင်ရေးအတွက် ဆန်တစ်ပြည်လျှင်ငွေကျပ် ၃၀၀၀၊ စားအုန်းဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၃၉၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြည်သူများ အဆင်ပြေစွာဝယ်ယူနိုင်ရေး လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# Asian Champion League ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား ဩဂုတ် ၂၅

မြစ်ကြီးနားမြို့ IELT ကိုယ်ပိုင်အထက်တန်းကျောင်းမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် Asian Champion League ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ချန်ပီယံဆုဖလား၊ တံခွန်စိုက် ဒိုင်းဆုများအပါအဝင် ဆုတံဆိပ်များရရှိခဲ့သည့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဝင်းအတွင်း ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ယခင် ကမ္ဘာ့အဆင့်အိုလံပစ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိခဲ့သော ကျောင်းများအား ဖိတ်ခေါ်ပြီး ပါဝင်ယှဉ်ပြိုင်စေသည့် Asian Champion League သည် စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲဖြစ်ပြီး ဂျပန်၊ ကိုရီးယား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ လာအို၊ ဗီယက်နမ်၊ မြန်မာစသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာကိုယ်စားပြုအဖြစ် IELT-IPSS ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ ယခုကဲ့သို့ ဆုတံဆိပ်များရရှိခဲ့ခြင်း ဖြစ်သည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က အလယ်တန်းအဆင့် အင်္ဂလိပ်၊ သိပ္ပံ၊ အိုလံပစ်ဘာသာရပ် G-8 Level၊ G-6 Level၊ G-4 Level များတွင် အင်္ဂလိပ်၊ သိပ္ပံနှင့် သင်္ချာဘာသာရပ်များတွင် အမြင့်ဆုံးချန်ပီယံ Diamond Award၊ Gold Award (ပထမဆု)၊ Sliver Award (ဒုတိယဆု)၊ Bronze Award (တတိယဆု)များနှင့် နှစ်သိမ့်ဆုများအပါအဝင် ချန်ပီယံ




ဆုဖလား၊ တံခွန်စိုက်ဒိုင်းဆုများရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးနှင့် ဆရာ ဆရာမများအတွက် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၉၀ ကို ချီးမြှင့်ပေးအပ်ရာ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားနှင့် IELT-IPSS ကိုယ်ပိုင်ကျောင်း တည်ထောင်သူ ဦးအောင်ငွေစိုးတို့က ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်) ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# လက်ရက်ကန်းနှင့် သဘာဝဆိုးဆေးအထည်များပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

သဘာဝဆိုးဆေးနှင့် လက်ရက်ကန်းအထည် ပြုလုပ်မှုအဆင့်ဆင့်ကို လေ့လာနိုင်မည့် အထူးပြပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်တိုင်တိုင် Yangon City Mall St. John ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ချည်ဆိုးခြင်း၊ အရောင်စမ်းသပ်ခြင်းမှစ၍ ရက်ကန်းခတ်ခြင်းနှင့် အထည်ချုပ်လုပ်ခြင်းအထိ လက်ရာတစ်ခုစီ၏နောက်ကွယ်မှ ဖန်တီးမှုအဆင့်ဆင့်ကို ပြည်သူများလေ့လာနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပြပွဲအတွင်း လာရောက်ကြည့်ရှုသူများအနေဖြင့် သဘာဝဆိုးဆေး ပစ္စည်းများ၊ ကိုယ်တိုင်ဆိုးလုပ်ထားသည့် ချည်လိမ်များနှင့် Eco Print ပိတ်စများ၊ လက်ရက်ကန်းပိတ်စများအပြင် ယင်းပိတ်စများဖြင့် ချုပ်လုပ်ထားသည့် Ready-to-Wear အထည်များ၊ ရက်ကန်းခတ်သည့် အဆင့်ဆင့်ကို ပွဲအတွင်း လက်တွေ့ ရက်ကန်းခတ်ပြသသွားမည်ဖြစ်သည်။

ယခုပြပွဲ၌ အထည်များကို ရောင်းချရုံတင်မဟုတ်ဘဲ အထည်တစ်ထည်၏ နောက်ကွယ်မှ လက်ရာ၊ အချိန်နှင့် ဖန်တီးသူများ၏ ကြိုးပမ်းမှုများကို မျှဝေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့ပြင် ချည်ဆိုးခြင်းမှ အထည်ချုပ်လုပ်ခြင်းအထိ ကိုယ်တိုင် ဆောင်ရွက်ထားခြင်းကြောင့် ကြားခံအဆင့်မရှိဘဲ အရည်အသွေး ကောင်းမွန်သည့် အထည်များကို ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးမည် ဖြစ်ပြီး လက်ကားဝယ်ယူသူများအတွက်လည်း Quality အလိုက် Discount များ စီစဉ်ထားကြောင်း သိရသည်။ TWA



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၆ ခုနှစ် နှစ်ထပ်ကွမ်းလူရည်ချွန်ရရှိခဲ့သူ မောင်မြင့်မြတ်မောင်အား ကြိုဆိုဂုဏ်ပြုပွဲကို ဩဂုတ် ၂၂ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသောင်း ဂုဏ်ပြုချီးမြှင့်စဉ်။ သန်းဝင်း(သန်လျင်)

# လှိုင်လင်မြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြော

လှိုင်လင် ဩဂုတ် ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန လှိုင်လင်ခရိုင် လူမှုဝန်ထမ်းရုံးမှ ကြီးမှူးပြုလုပ်သည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လှိုင်လင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။



အသိပညာပေး ဟောပြောပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေဦးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပြန်လည်ကုစားရေး ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာရွှေက လျှပ်စစ်ဘေးအန္တရာယ် သိကောင်းစရာများနှင့် ခရိုင်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်လေးဖြူက ကလေးသူငယ်အပေါ် အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

လှိုင်လင်မိုး



# ရန်ကုန်အမျိုးသားပြတိုက်သို့ မှော်ဘီမြို့နယ်မှ ကျောင်းသား ကျောင်းသူများ လေ့လာ

မှော်ဘီ ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သာယာကုန်း)မှ ကျောင်းသား ကျောင်းသူများသည် ဩဂုတ် ၂၁ ရက်က ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ လာရောက်လေ့လာရာတွင် အမျိုးသားပြတိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိလေး၊ ဒေါ်အိသန္တာတို့နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား လိုက်လံပြသရာ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ရတနာပုံခေတ် အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအကြောင်းတို့ကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

ဝင်းဇော်

# ပုဇွန်တောင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

"လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အင်အားသစ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်(ရန်ကုန်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်စိုးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု၊ အဂတိဆိုတာ ဘာလဲ၊ လူ့ကျင့်ဝတ်၊ လေးစားမှု



စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလှိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**

# ဘားအံမြို့နယ် မြသီရိရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး



ဘားအံ ဩဂုတ် ၂၅

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမဦးစီးဌာနက မြသီရိရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

ဦးစွာ မြသီရိရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ သဘာပတိက အမှာစကား ပြောကြားပြီး ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းနှင့် စာရင်းစစ် အစီရင်ခံစာ ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ဖတ်ကြားကြပြီး တက်ရောက်လာကြသည့် အသင်းသားများထံ အတည်ပြုချက်ရယူ၍ အစုပေါ်အမြတ်ငွေများ၊ အမှုဆောင်ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# “မသန်စွမ်း”ဟုသာ သုံးနှုန်းပါ

ဆက်လက်ဝဲ (MDevS)

ဤဆောင်းပါးသည် ဝေါဟာရစစ်ပွဲတစ်ခုမဟုတ်ပါ။ စကားလုံးများ နောက်ကွယ်မှ ပစ်ပယ်ခံထားရသော နှလုံးသားများ၊ ရိုက်ချိုးခံထားရသော အိပ်မက်များနှင့် လူသားတစ်ဦး၏ မွေးရာပါဂုဏ်သိက္ခာကို ပြန်လည်တောင်းဆိုခြင်းသာ ဖြစ်ပါသည်။

## စကားလုံးတစ်လုံး၏ သတ်ဖြတ်နိုင်စွမ်း

ဓားတစ်လက်က လူတစ်ဦး၏ အသားအရေကိုသာ သွေးထွက်သံယို ဖြစ်စေနိုင်သော်လည်း စကားလုံးတစ်လုံးက လူတစ်ဦး၏ ဝိညာဉ်၊ ရှင်သန်လိုစိတ်နှင့် အနာဂတ်အိပ်မက်များကို အစအနမကျန် အမှောင်ချပစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် နေ့စဉ်ဘဝတွင် မရည်ရွယ်ပါဘဲ အလွယ်တကူသုံးနှုန်းလိုက်သည့် စကားလုံးတစ်ခုချင်းစီ၏ နောက်ကွယ်၌ တစ်ဖက်သားကို မြှင့်တင်ပေးနိုင်သည့် အသက်သို့မဟုတ် အရှင်လတ်လတ် သတ်ပစ်နိုင်သည့် အဆိပ်အတောက်များ ကိန်းအောင်းနေတတ်ပါသည်။

မြန်မာလူ့အဖွဲ့အစည်းတွင် ရှေးယခင်ကတည်းက ကပ်ပါလာခဲ့သည့် “**မသန်မစွမ်း**”ဟူသော စကားလုံးသည် ချို့ယွင်းချက်ရှိသူတစ်ဦးကို “**ခန္ဓာကိုယ်လည်းမကောင်း၊ ဘာမျှလည်း မစွမ်းဆောင်နိုင်တော့သူ**”ဟု လူမှုရေးသေဒဏ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်မူ ခေတ်သစ်လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အလေးထားသည့် “**မသန်စွမ်း**”ဟူသော ဝေါဟာရသည် “**ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ မသန်သော်လည်း ကျန်ရှိသည့် စွမ်းရည်များဖြင့် လောကကြီးကို အကျိုးပြုနိုင်သူ**”ဟု ရှင်သန်ခြင်းသက်စောင့်ရေကို လောင်းပေးခြင်း ဖြစ်ပါသည်။

## စာနာမှု ရှုထောင့်

မသန်စွမ်းသူတစ်ဦးကို မြင်လိုက်ရလျှင် သာမန်အားဖြင့် ပထမဆုံးတုံ့ပြန်မှုမှာ “**သနားစရာပဲ**” ဟူသော ညည်းတွားသံဖြစ်သည်။ ထိုသနားခြင်းသည် စေတနာအရင်းခံသည်ဟု ထင်ရသော်လည်း ယင်းနောက်ကွယ်တွင် ကြီးမားသော အနုတ်လက္ခဏာဆောင်သည့်အမြင်များ ကပ်ပါလာတတ်ပါသည်။ ၎င်းတို့ကို “**မသန်မစွမ်း**”ဟု တံဆိပ်ကပ်လိုက်ခြင်းသည် ထိုသူ၏ ရှင်သန်လိုစိတ်ကို အရှင်လတ်လတ် သတ်ပစ်လိုက်ခြင်းနှင့် တူပါသည်။

မျက်စိမမြင်ရသော ကလေးငယ်တစ်ဦးသည် စာအုပ်များကို ထိတွေ့ပြီး ကမ္ဘာကြီးကို လေ့လာချင်ရှာပါမည်။ သို့သော် ပတ်ဝန်းကျင်က “သူက မသန်မစွမ်းလေးပါ၊ ဘာမှလုပ်လို့ရမှာ မဟုတ်ပါဘူး”ဟု ကရုဏာအမှားဖြင့် ဆုံးဖြတ်လိုက်သောအခါ ထိုကလေးငယ်၏ ကမ္ဘာသည် လုံးဝမှောင်အတိကျသွားရရှာတော့သည်။ ဘီးတပ်ကုလားထိုင်စီးရသော လူငယ်တစ်ဦးသည် ရုံးခန်းတစ်ခုတွင် ကွန်ပျူတာဖြင့် အလုပ်လုပ်နိုင်စွမ်းရှိသော်လည်း “**မသန်မစွမ်းတွေကို ငါတို့ အလုပ်မပေးနိုင်ဘူး**” ဟူသော စကားတစ်ခွန်းကြောင့် ၎င်း၏တန်ဖိုးသည် သုညဖြစ်သွားရရှာပါသည်။

ထို့ကြောင့် သနားခြင်းသည် ကူညီရာမရောက်ဘဲ လူညွန့်တုံးစေသည့် လက်နက်တစ်ခု ဖြစ်သွားတတ်ပါသည်။ ၎င်းတို့ လိုအပ်သည်မှာ သနားကရုဏာ မဟုတ်ဘဲ အခွင့်အရေးနှင့် အသိအမှတ်ပြုမှုသာ ဖြစ်ပါသည်။ “**မသန်စွမ်း**”ဟု သုံးနှုန်းခြင်းသည် “**သူ၏ ခန္ဓာကိုယ်သည် ပုံမှန်အတိုင်း မသန်သော်လည်း၊ သူ၏စိတ်ဓာတ်၊ သူ၏အသိဉာဏ်နှင့် သူ၏ဘဝသည် လောကကြီးကို အကျိုးပြုရန် စွမ်းဆောင်နိုင်ဆဲဖြစ်သည်**”ဟူသော မျှော်လင့်ချက်မီးအိမ်ကို ထွန်းညှိပေးခြင်းပင်ဖြစ်ပါသည်။

ခန္ဓာကိုယ်တွင် အစိတ်အပိုင်းအချို့ ချို့ယွင်းနေခြင်းသည် “**မသန်**”ခြင်းသာဖြစ်သည်။ ၎င်းတို့တွင် လောကကြီးကို အကျိုးပြုနိုင်သည့် အသိဉာဏ်၊ စွမ်းရည်နှင့် ကိုယ်ကျင့်တရားများ “**စွမ်း**”နိုင်သေးသည်ဟု မြင်သင့်ပါသည်။ ၎င်းတို့ကို “**မသန်မစွမ်း**” ဟု သတ်မှတ်မည်ဆိုပါက ကံတရားကို အကြောင်းပြကာ လူသားတစ်ဦး၏ လက်ရှိကြိုးစားအားထုတ်မှု (ဝီရိယကံ)နှင့် စွမ်းဆောင်ရည်ကို ပိတ်ပင်ရာ ရောက်နိုင်ပါသည်။

ဘာသာရေး၏ အနှစ်သာရဖြစ်သော ကရုဏာတရားသည် သနားစော်ကားခြင်းမဟုတ်ဘဲ တစ်ဖက်သား၏တန်ဖိုးကို မြှင့်တင်ပေးခြင်းဖြစ်ရပါမည်။ ထို့ကြောင့် ၎င်းတို့တွင်ရှိသော စွမ်းရည်များကို အသိအမှတ်ပြုသည့်အနေဖြင့် “**မသန်သော်လည်း စွမ်းသည်**”ဟူသော အဓိပ္ပာယ်ဆောင်သည့် “**မသန်စွမ်း**”ဟူသော စကားလုံးကသာ ဘာသာရေး၏ မေတ္တာ၊ ကရုဏာတရားနှင့် ကိုက်ညီမှုရှိ၍ အလေးအနက်ထား သုံးစွဲသင့်ပါသည်။

> **လုပ်ငန်းခွင်များ၌လည်း မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှု မရှိဘဲ အလုပ်အကိုင်ခန့်အပ်ရန်နှင့် သင့်လျော်သော အသုံးအနှုန်းများသုံးစွဲရန်လည်း တိုက်တွန်းလိုပါသည်။ မသန်စွမ်းသူများ အခွင့်အရေးဥပဒေ(၂၀၁၅)တွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်းခန့်ထားရန် ပြဋ္ဌာန်းထားပြီးဖြစ်**

## လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးတန်းတူညီမျှမှု

လူ့အခွင့်အရေးရှုထောင့်အရ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRPD)ကို အတည်ပြုပြဋ္ဌာန်းထားပါသည်။ ဤစာချုပ်၏ အခြေခံမူမှာ “**လူသားအားလုံးသည် မွေးရာပါ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူညီမျှရှိသည်**”ဟူသောအချက် ဖြစ်ပါသည်။

“**မသန်မစွမ်း**”ဟူသော စကားလုံးသည် လူတစ်ဦးကို စာနာမှုခံယူရမည့် “**ပရဟိတအရာဝတ္ထု (Charity Object)**”အဖြစ်သာ မြင်စေပြီး လူ့အဖွဲ့အစည်း၏ ဝန်ထုပ်ဝန်ပိုးအဖြစ် သတ်မှတ်ရာရောက်ပါသည်။ အသုံးအနှုန်းကြောင့် ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုကို ဦးတည်သွားနိုင်ပါသည်။ အခြားတစ်ဖက်တွင်မူ “**မသန်စွမ်း**”ဟူသော အသုံးအနှုန်းသည် “**လူကို ရှေ့တန်းတင်သည့် ဘာသာစကား (Person–First Language)**” ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ပထမဦးစွာ “**လူသား**”ဖြစ်ပြီး ထို့နောက်မှ အခြေအနေတစ်ခုကြောင့် မသန်စွမ်းမှုရှိနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင်လည်း “**မသန်မစွမ်း**”ဟူသော စကားလုံးကို လုံးဝသုံးစွဲခြင်းမပြုဘဲ “**မသန်စွမ်း**”ဟုသာ အသုံးပြုထားပါသည်။ မသန်စွမ်းသူတို့သည် လူသားဖြစ်၍ လူသားတစ်ဦး၏ အခွင့်အရေးကို အသိအမှတ်ပြုကာ အသုံးပြုမြှင့်တင်ပေးခြင်းဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)ပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကတစ်ဆင့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေးတွင် “မသန်စွမ်းဟူသည့် အသုံးအနှုန်းကို အလေးထားသုံးစွဲစေရေး ညှိနှိုင်းအကြောင်းကြားရန်နှင့် ကဏ္ဍအလိုက်အသိပေးရန်”ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင်ဌာနများအား အကောင်အထည်ဖော်စေလျက်ရှိပါသည်။**

မသန်စွမ်းသူများကို “**မသန်မစွမ်း**”ဟု တံဆိပ်ကပ်ပြီး ဘာမျှမလုပ်နိုင်သူများ၊ ပရဟိတအကူအညီဖြင့်သာ ရှင်သန်ရမည့်သူများဟု ထင်မြင်ယူဆချက်များကို ဖယ်ရှားပေးနိုင်သည့် သက်သေပြစရာ လူပုဂ္ဂိုလ်များစွာရှိပါသည်။ ထိုပုဂ္ဂိုလ်များတွင် ထိပ်တန်းနိုင်ငံ့ဝန်ထမ်းကောင်းကြီးများနှင့် အရာရှိကြီးများ ပါဝင်ပါသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင်သာမက ပြိုင်ဆိုင်မှုပြင်းထန်ပြီး အမြဲတမ်း လှုပ်ရှားရုန်းကန်နေရသည့် ပုဂ္ဂလိကစီးပွားရေးလောကတွင်လည်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အကန့်အသတ်များကို အသိဉာဏ်၊ ဝီရိယတို့ဖြင့် ကျော်လွှားကာ ကုမ္ပဏီကြီးများကို ထိပ်တန်းမှ ဦးဆောင်မောင်းနှင်ခဲ့ကြသည့် မသန်စွမ်းခေါင်းဆောင်များလည်းရှိပါသည်။ ထို့ပြင် အခြေခံလူတန်းစားကဏ္ဍများတွင်လည်း မိမိတို့၏ ပါရမီကို အသုံးချကာ ကိုယ်တိုင်ရပ်တည်ရုံမျှမက အခြားသူများကိုပါ ကူညီနေသည့် စံနမူနာပြ မသန်စွမ်းသူများစွာရှိပါသည်။

## နှိုင်းယှဉ်ချက်ဇယား

“**မသန်မစွမ်း**”နှင့် “**မသန်စွမ်း**” စကားလုံးနှစ်လုံး၏ အကျိုးသက်ရောက်မှုကို အောက်ဖော်ပြပါဇယားဖြင့် နှိုင်းယှဉ်ဖော်ပြလိုပါသည်–

| အကြောင်းအရာ | မသန်မစွမ်း(Disabled /Handicapped) | မသန်စွမ်း (Persons with Disabilities) |
|---|---|---|
| **အဓိပ္ပာယ် သက်ရောက်မှု** | ခန္ဓာကိုယ်လည်း မကောင်း၊ ဘာမျှလည်း မလုပ်နိုင်။ | ခန္ဓာကိုယ်မသန်သော်လည်း စွမ်းဆောင်ရည်ရှိသည်။ |
| **လူမှုရေးအမြင်** | သနားစရာ၊ မှီခိုသူ၊ လူမှုရေး ဝန်ထုပ်ဝန်ပိုး။ | ဂုဏ်သိက္ခာရှိသူ၊ တန်းတူအခွင့်အရေး ရထိုက်သူ။ |
| **စိတ်ပညာဆိုင်ရာ သက်ရောက်မှု** | စိတ်ဓာတ်ကျဆင်းခြင်း၊ကိုယ့်ကိုယ်ကိုယုံကြည်မှု ပျောက်ဆုံးခြင်း။ | စိတ်ဓာတ်ခွန်အားရရှိခြင်း၊ |
| **လူ့အဖွဲ့အစည်းကို အကျိုးပြုလိုခြင်း။** | အသုံးမပြုဘဲ ရှောင်ကြဉ်ရမည့် စကားလုံးဟောင်း။ | မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဥပဒေ(၂၀၁၅)ပါအသုံးအနှုန်း။ |

## လူ့အဖွဲ့အစည်းသို့ သတင်းစကား

ကျွန်ုပ်တို့သည် အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်း (Inclusive Society)တစ်ခုကို တည်ဆောက်လိုကြပါသည်။ ထို့ကြောင့် အားလုံးပါဝင်မှုကို ထိခိုက်စေနိုင်သည့် နေ့စဉ်သုံးစကားလုံးများ၊ မြင်ရန်ခက်ခဲသော ခွဲခြားဆက်ဆံမှုများကို သတိထားကာ ဖယ်ရှားကြပါမည်။ “မသန်စွမ်း”ဟု သုံးနှုန်းခြင်းသည် မသန်စွမ်းသူတို့၏ နာကျင်မှုကို စာနာနားလည်ပြီး မိမိ၏အပြုအမူနှင့် အပြောအဆိုကို ပြုပြင်ခြင်းပင်ဖြစ်ပါသည်။

လူမှုကွန်ရက်စာမျက်နှာများ၊ ရုပ်မြင်သံကြားအစီအစဉ်များနှင့် သတင်းမီဒီယာများတွင် “**မသန်မစွမ်း**”ဟူသော စကားလုံးကို သတိမဲ့စွာ ဆက်လက်သုံးစွဲမိပါက အနာဂတ်မျိုးဆက်သစ်များနှင့် လူ့အသိုင်းအဝိုင်းသို့ မသင့်တော်သော အသုံးအနှုန်းများကို လက်ဆင့်ကမ်းသလို ဖြစ်နိုင်ပါသည်။ မိဘများသည် မိမိတို့၏ သားသမီးများကို “**မသန်စွမ်း**” သူများအား လှောင်ပြောင်ခြင်းမပြုရန်၊ ၎င်းတို့သည် မိမိတို့ကဲ့သို့ တန်းတူရည်တူ အခွင့်အရေးရှိသူများဖြစ်ကြောင်း ငယ်စဉ်ကပင် သွန်သင်ပေးသင့်ပါသည်။

**လုပ်ငန်းခွင်များ၌လည်း မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုမရှိဘဲ အလုပ်အကိုင်ခန့်အပ်ရန်နှင့် သင့်လျော်သော အသုံးအနှုန်းများ သုံးစွဲရန်လည်း တိုက်တွန်းလိုပါသည်။ မသန်စွမ်းသူများ အခွင့်အရေးဥပဒေ(၂၀၁၅)တွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ခန့်ထားရန် ပြဋ္ဌာန်းထားပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ဝေပုံကျနှုန်းထားကို သတ်မှတ်ပေးနိုင်ရေး သက်ဆိုင်သူများနှင့် ဆက်လက်ဆွေးနွေး ညှိနှိုင်းလျက်ရှိပါသည်။**

## အနာဂတ်အတွက် ပန်းတိုင်တစ်ခု

ခြုံငုံသုံးသပ်ရသော် “**မသန်မစွမ်း**”ဟူသော စကားလုံးသည် လူတစ်ဦးအား စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအရ အဆင့်အတန်းခွဲခြားနှိမ့်ချရာ ရောက်ရုံမျှမက ၎င်းတို့၏ ရှင်သန်မှု၊ မျှော်လင့်ချက်နှင့် ကြိုးစားလိုစိတ်ကိုပါ ရိုက်ချိုးရာရောက်ပါသည်။ စကားလုံးတစ်လုံးကို ပြောင်းလဲလိုက်ရုံဖြင့် လောကကြီးတစ်ခုလုံး ချက်ချင်းပြောင်းလဲမသွားနိုင်သော်လည်း ထိုပြောင်းလဲမှုသည် မသန်စွမ်းသူများအတွက် ၎င်းတို့၏ ဘဝကို အသစ်တစ်ဖန် ပြန်လည်စတင်နိုင်ရန် ကြီးမားသော ခွန်အားတစ်ခု ဖြစ်စေပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းကို ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခုအဖြစ် တည်ဆောက်လိုလျှင် စကားလုံးအသုံးအနှုန်းမှစတင်၍ ပြုပြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စာပေ၊ ရုပ်ရှင်၊ သဘင် အနုပညာနယ်ပယ်များ၊ မီဒီယာများနှင့် နေ့စဉ်လူမှုဘဝပြောဆိုဆက်ဆံမှုများတွင် “**မသန်မစွမ်း**”ဟူသော စကားလုံးကို အပြီးတိုင် စွန့်ပယ်ကြရန် တိုက်တွန်းပါသည်။ လူ့ဂုဏ်သိက္ခာနှင့် စွမ်းရည်ကို တန်ဖိုးထားသည့် “**မသန်စွမ်း**”ဟူသော ဝေါဟာရကို ပြောင်းလဲ၍ သုံးနှုန်းကြပါရန် စာနာမှုအပြည့်ဖြင့် နှိုးဆော်လိုပါသည်။ မသန်စွမ်းသူတို့၏ ချို့ယွင်းချက်ကို မကြည့်ပါနှင့်၊ သူတို့၏ နှလုံးသားနှင့် စွမ်းရည်ကိုသာ ကြည့်ရှု အသိအမှတ်ပြုပေးကြပါ။ ။

**ကိုးကား**

မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅)။ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်။

United Nations. (2006). Convention on the Rights of Persons with Disabilities (CRPD). Preamble and Article 1.

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊
(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊
(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

**“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း”**

**၁။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ကမ္ဘာတည်သရွေ့ (အောင်ထက်)
(ဃ) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)
(င) စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် (ဇော်ဝင်းထွဋ်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**
(က) ပြည်ထောင်စုစိတ်ဓာတ် (ရန်အောင်၊ ကျော်စိုးဦး၊ ရတနာဦး၊ စိုးစန္ဒာထွန်း)
(ခ) တပင်ရွှေထီး (မကြည်အောင်)
(ဂ) မြန်မာ့မူမှန် (မြန်မာ့အသံအဖွဲ့)
(ဃ) ပြည်ထောင်စုရဲ့ထာဝရအလှများ (ဆုန်သင်းပါရ်)
(င) ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် (မာမာအေး)

**၃။ အဆင့်မြင့် (အမျိုးသား)**
(က) အဖိုးတို့ အဖေတို့ ကျွန်တော်တို့တေးများ (မောင်မြတ်သူ)
(ခ) မဟာ (ဇော်ဝင်းထွဋ်)
(ဂ) ဇာတိမာန် (ဥဩဘသောင်)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

**၄။ အဆင့်မြင့် (အမျိုးသမီး)**
(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ခ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဂ) တစ်ဘာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွှန့်ရီ)

**၅။ အခြေခံ (၁၅-၂၀) အမျိုးသား**
(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) အနာဂတ်ပန်း (ညွှန့်ဝင်း+ အေဝမ်းတင်တင်လှ)
(ဂ) ရောင်နီသစ်ပြီ (ရဲထိုက်+ရွှေနန်းထက်)
(ဃ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)

**၆။ အခြေခံ (၁၅-၂၀) အမျိုးသမီး**
(က) ပန်းတိုင်းပွင့်၍မွှေးသောမြေ (ရတနာဦး)
(ခ) မြန်မာပြည်ကိုလာပါ (နွဲ့ယဉ်ဝင်း)
(ဂ) မင်္ဂလာပါရှင် (ကြည်ကြည်ဝင်း)
(ဃ) လှပတဲ့အနာဂတ်ဆီသို့ (မေဆွိ)

**(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ “စောင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဖြူပြာမူရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်မြရံခြယ် (မွန်)
(င) သပြေပင်ဝန်း (ကြိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) ဘုန်းများများမင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မာရဝိဇယ (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) နှုန်းနှန်းထောက်စား (ကြိုး)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

**“စန္ဒရား” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဇာတိအာဏာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသင်္ခါ (မွန်)
(င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ဓရာ (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) အောင်မြေသာစံ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ဆောင်းနှင်းဖြူနှင့် ကိုယ့်ချစ်သူ (ကာလပေါ်)၊ တွံတေးသိန်းတန်(key-G)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) မေ့ဘဝခဏ ဘယ်သူယူပွဲမယ် (ကာလပေါ်)၊ (မာမာအေး keyC#)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ဖြေလျော့ခွေ (ပတ်ပျိုး)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ် (ကာလပေါ်)၊ (စန္ဒရားချစ်ဆွေkeyD)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ဂ) ညအတွေး (ကာလပေါ်) (မာမာအေး Key –G)

**“ပတ္တလား” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) စိန်မြရံခြယ် (မွန်)
(စ) ဟေမဝန်ချာ (ဘွဲ့)
(ဆ) မြန်သပြေညာ (ယိုးဒယား)
(ဇ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့ (လေးထွေသံကပ်) (လေးပေါက်အောက်ပြန်ဖြင့် တီးရပါမည်)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အမင်းမင်းခယ (သီချင်းခံ)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) ဩဘာမင်္ဂလာ (ဘွဲ့)
(င) ကိုးပါးပေါင်းစု (ကြိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) လူမနှော (ပတ်ပျိုး)
(ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး) (၈)ဝါးဖြင့်တီးရန်

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ကုဏ္ဍလာ (ယိုးဒယား)
(ဂ) ထိပ်တင်ဇကော် (ဝတ်တော်သိမ်း)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဟေမာန်ဖွေဟန် (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*

# ဖိလစ်ပိုင်နိုင်ငံ၌ ပြည်တွင်းထုတ်လျှပ်စစ်ကားများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် သမ္မတ တိုက်တွန်း



မနီလာ ဩဂုတ် ၂၅

ဖိလစ်ပိုင်နိုင်ငံ၌ ပြည်တွင်းထုတ်လျှပ်စစ်ကားများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရန် သမ္မတ ဖာဒီနန် ရိုမူးယယ်လ်ဒက်ဇ် မားကို့စ်က တာဝန်ရှိသူများအား တိုက်တွန်းပြောကြားခဲ့သည်။

လျှပ်စစ်စက်ဘီးများထုတ်လုပ်ခြင်းဖြင့် လုပ်ငန်းစတင်ရန် ၎င်းကမှတ်ချက်ပြုပြောကြားခဲ့သည်။ မနီလာဒေသ မြောက်ပိုင်း ကာလိုကန်မြို့ရှိ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံတစ်ရုံတွင် လျှပ်စစ်ကားများထုတ်လုပ်နေခြင်းကို သမ္မတက ယနေ့တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း ဖိလစ်ပိုင်သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ယခုကဲ့သို့ ပြည်တွင်း၌ လျှပ်စစ်ကားများထုတ်လုပ်နိုင်ခြင်းဖြင့် လောင်စာဆီတင်သွင်းရသည့် ကုန်ကျစရိတ်များသက်သာစေကာ ဒေသခံများအတွက် အလုပ်အကိုင်ရရှိစေကြောင်း ၎င်းက ပြောကြားသည်။

အစိုးရအနေဖြင့် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဗီယက်နမ်နိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန် ဝန်ကြီးချုပ် တိုက်တွန်းပြောကြား



ဟနွိုင်း ဩဂုတ် ၂၅

ဗီယက်နမ်နိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ စီးပွားရေးကော်ပိုရေးရှင်းများ၏ ခိုင်မာသည့် အုတ်မြစ်နှင့် တည်ငြိမ်သည့်အရင်းအမြစ်များအဖြစ် ရပ်တည်ဆောင်ရွက်ရန် ဝန်ကြီးချုပ် လီမင်ဟန်းက တိုက်တွန်းခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံရှိ ပုဂ္ဂလိက ကဏ္ဍများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်တက်စေရေး၊ ထုတ်ကုန်မြှင့်တင်ရေး၊ နည်းပညာအရည်အသွေးမြှင့်တင်ရေး၊ ပြည်တွင်းဈေးကွက်ကို အကျိုးပြုရေးနှင့် ပြည်ပနိုင်ငံများအထိ ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း၏ အကြိမ်(၂၀) မြောက်နှစ်ပတ်လည်အခမ်းအနားတွင် ၎င်းက ပြောကြားသည်။

SME လုပ်ငန်းများအတွက် စီးပွားရေးအရ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ရပ်အား မလိုအပ်သည့် စည်းမျဉ်းများကို ဖယ်ရှား၍ ကောင်းမွန်သည့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များနှင့်အညီ စီမံခန့်ခွဲကာ အရင်းအနှီး၊ မြေနေရာနှင့် ထုတ်ကုန်ထုတ်လုပ်သည့်နေရာများ သေချာစွာ သတ်မှတ်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှု၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုနှင့် စိမ်းလန်းသောအသွင်ကူးပြောင်းမှုဆိုင်ရာ ကဏ္ဍများရှိ SME လုပ်ငန်းများကို ခိုင်မာစွာ ထောက်ကူပေးရန် တာဝန်ရှိသူများအား ၎င်းက တိုက်တွန်းခဲ့ပြီး SME များဘက်မှလည်း ထုတ်ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိရေးနှင့် ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်အထိ ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန် ၎င်းက ပန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အီရန်အပေါ်တစ်ဖက်သတ်ချမှတ်သည့် အရေးယူပိတ်ဆို့မှုများကို ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်တာဝန်ရှိသူ သတိပေးပြောကြား

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေနှင့် ဆန့်ကျင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်မပြုသော တစ်ဖက်သတ်အရေးယူပိတ်ဆို့မှုများကို ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက ဩဂုတ် ၂၅ ရက်တွင် သတိပေးပြောကြားသည်။

အမေရိကန်အနေဖြင့် အီရန်နိုင်ငံအား စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများဆောင်ရွက်မည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းနှင့် အဆိုပါအစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများအနေဖြင့် ဆိုးရွားသည့်အကျိုးဆက်များရရှိမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဗင်ဆင်၏ ပြောကြားချက်အပေါ်ကိုးကား၍ တရုတ်တာဝန်ရှိသူက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

စီးပွားရေးအရတိုက်ခိုက်မှုနှင့် ဖိအားပေးခြင်းနည်းလမ်းများဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ဘဲ တင်းမာမှုများနှင့် ပဋိပက္ခများကိုဆိုးရွားစေပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် ငွေကြေးကဏ္ဍများကို ကမောက်ကမဖြစ်စေကာ ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားကို ဆုတ်ယုတ်စေကြောင်း လင်ကျန်းက ပြောကြားသည်။

လက်ရှိဆောင်ရွက်ရမည့်ကိစ္စအနေဖြင့် တင်းမာမှုများကို ဖြေလျှော့ရန်နှင့် ဆွေးနွေးမှုနည်းလမ်းမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဥပဒေအပေါ်တွင်သာ အခြေခံဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် မထိခိုက်စေသင့်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်၌ ဉာဏ်ရည်တုနည်းပညာဖြင့် သဘာဝဘေးကာကွယ်ရေး ဆောင်ရွက်



မနီလာ ဩဂုတ် ၂၅

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ဉာဏ်ရည်တုနည်းပညာဖြင့် ရေကြီးရေလျှံမှု ခန့်မှန်းရေးနှင့် သဘာဝဘေးများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖိလစ်ပိုင်တက္ကသိုလ်နည်းပညာဆိုင်ရာ စနစ်အား မြှင့်တင်နိုင်ရေးအတွက် ရန်ပုံငွေ ပီဆို တစ်ဘီလီယံ ထုတ်ပေးခဲ့ကြောင်း ဘတ်ဂျက်နှင့် စီမံခန့်ခွဲရေးဌာန၏ ဩဂုတ် ၂၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ရန်ပုံငွေကို ဖိလစ်ပိုင်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်လျော့လာဆန်းစစ်ရေး အစီအစဉ်တစ်ခုဖြစ်သည့် Project NOAH ကို အဆင့်မြှင့်တင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်။

၎င်းအစီအစဉ်အရ ဉာဏ်ရည်တုနည်းပညာနှင့် ဒေတာအချက်အလက်များအသုံးပြု၍ တာဝန်ရှိသူများအား သဘာဝဘေးမဖြစ်မီကာလအတွင်း ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဘတ်ဂျက်နှင့် စီမံခန့်ခွဲရေးဌာန တာဝန်ရှိသူ ကင်ရောဘတ် ဒီလီယွန်က ပြောကြားသည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးဖြစ်လာသည့် အချိန်အထိ စောင့်ဆိုင်းရန်မလိုဘဲ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံသည် မုတ်သုံရာသီကာလအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးများကို ခံစားနေရသဖြင့် လူမှုအသိုင်းအဝိုင်းများအား ကာကွယ် စောင့်ရှောက်ရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အစ္စလာမ္မာဘတ် ငြိမ်းချမ်းရေးနားလည်မှုစာချွန်လွှာ ပြန်လည်အသက်ဝင်ရေး အီရန်နှင့် ပါကစ္စတန်ခေါင်းဆောင်များ ဆွေးနွေး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၅

အီရန်နှင့် ပါကစ္စတန်ခေါင်းဆောင်ပိုင်းအကြား အစ္စလာမ္မာဘတ် ငြိမ်းချမ်းရေးနားလည်မှုစာချွန်လွှာ ပြန်လည်အသက်ဝင်ရေး ဆွေးနွေးမှုများတွင် တိုးတက်မှုများရှိခဲ့ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး မိုရှင်နဗီက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံစစ်ဦးစီးချုပ် အဆင်မူနာနှင့် အီရန်သမ္မတ မာဆော့ပါဇက်ကီရှန်တို့အကြား ဆွေးနွေးပွဲကျင်းပခဲ့ပြီးနောက် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယခုကဲ့သို့ ဆွေးနွေးမှုများ အပြုသဘောဆောင်လာခြင်းဖြင့် ဒေသတွင်း ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆွေးနွေးပွဲအတွင်း အီရန်-အမေရိကန်ပဋိပက္ခ၊ အရှေ့အလယ်ပိုင်းဒေသတင်းမာမှု စသည့်ကိစ္စရပ်များနှင့် အစ္စလာမ္မာဘတ်ငြိမ်းချမ်းရေးနားလည်မှုစာချွန်လွှာကို ပြန်လည်အသက်သွင်းခြင်းဖြင့် ၎င်းပဋိပက္ခများ ဖြေရှင်းနိုင်မည့်အရေးတို့ကို တာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ



**နေပြည်တော် ဩဂုတ် ၂၅**

အနာဂတ် မျိုးဆက်သစ်လူငယ်များကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော် သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေး တာဝန်ထမ်းဆောင်ခဲ့မှု သမိုင်းကြောင်းများကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော် အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ပြည်စုံအောင်)နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံ ပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံး ပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဇီဝဗေဒ ရေယာအကျယ်အဝန်းနှင့် ရေပိုင်နက် နယ်နိမိတ်ပြကွက်၊ ရှေးခေတ် မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ် မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက် တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ) ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန် ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ် (လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်



**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကြာကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်၊ ခြံမြေများအား ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ကြာကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကို၊ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် လုပ်ငန်း အဖွဲ့ဝင်များက ကြာကန်ကျေးရွာနေ ပြည်သူများအား ကျေးရွာမြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# ပုသိမ်မြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပုသိမ် ဩဂုတ် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ငါးကျီးထူ-စိုင်ခြံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုသိမ်မြို့နယ် အတွင်းရှိ ငါးကျီးထူ-စိုင်ခြံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးနှင့် မလေးရှားနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ငါးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။



**ကြည့်ရှုစစ်ဆေး**

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံ မှန်ကန်မှုရှိရေးတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Third Secretary Mrs. Nur Shakila Binti Lawrence နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Section Officer Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၃၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ပြည်သူ့ထံမှ ပေးစာများ

### မိတ္ထီလာကန်အတွင်း စည်းကမ်းမဲ့ ရေဆင်းချိုးနေသူများနှင့် ညစ်ညမ်းအဝတ် လျှော်ဖွတ်နေခြင်းများ တားဆီးပေးစေလို

စာတည်းမှူးခင်ဗျား

ယခုအခါ မိတ္ထီလာမြို့၌ အများပြည်သူသောက်သုံးရန်နှင့် ချက်ပြုတ်စားသောက်ရာတွင် အဓိကအားထား အသုံးပြုနေသည့် ကန်တော်ကြီးအတွင်း စည်းကမ်းမဲ့သူအချို့က ရေချိုးခြင်း၊ ညစ်ညမ်းအဝတ်များ လျှော်ဖွတ်နေခြင်းများကို နေ့စဉ်မြင်တွေ့နေရပါသည်။

စည်းကမ်းမဲ့ရေချိုးခြင်း၊ ညစ်ညမ်းအဝတ်လျှော်ဖွတ်ခြင်းအား အများဆုံးမြင်တွေ့နိုင်သော နေရာများမှာ မိတ္ထီလာကန်တော်ကြီး၏ တောင်ဘက်ပိုင်း အမှတ်(၁) အထက အရှေ့တောင်ဘက်၊ မိတ္ထီလာမြောက်ကန် (ဩဇာခြံရပ်ကွက်၏ မြောက်ဘက်)နှင့် မိတ္ထီလာမှ ရန်ကုန်နှင့် သာစည်၊ တောင်ကြီးသို့ ဦးတည်သွားသောကားလမ်းမကြီးအနီး ရပ်တော်မူဘုရားကြီး၏ အနောက်တောင်ဘက်တို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက စည်းကမ်းမဲ့လူတစ်စု၏ လုပ်ရပ်မှကာကွယ်ရန် ဖော်ပြပါ ကန်ပေါင်တစ်လျှောက်တွင် အမြင့် ၁၂ ပေခန့်ရှိ သံဆူးကြိုးများ ကာရံပေးသင့်ပါကြောင်း စာတည်းမှူးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါသည်။

မိတ္ထီလာမြို့ခံတစ်ဦး

**ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်**

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

# ဖျာပုံမြို့နယ်၌ စုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းမွေးမြူခြင်းကို စနစ်တကျဆောင်ရွက်နိုင်ရေး စည်းရုံးဆွေးနွေး

ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ဖျာပုံမြို့နယ် အောက္ကဘာကျေးရွာ ကမာအောင်ဘုန်းတော်ကြီးကျောင်း၌ ဇင်းဘောင်၊ ဗျိုင်းကဒီး၊ ကျုံကဒွန်း၊ လက်ပံ၊ အလန်းဖလွတ်ကျေးရွာတို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် စီမံကိန်း (CBFP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစုနှင့် အရင်းအနှီးများရရှိစေရေး၊ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းဆိုင်ရာ စက်ကိရိယာများ အသုံးပြုနိုင်ရေး၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်ပူးပေါင်းပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် တောင်သူများ၏ ဆွေးနွေးချက်အပေါ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးက သမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးတွင် ပါဝင်ဆောင်ရွက်နေမှုသည် နိုင်ငံစားရေရိက္ခာဖူလုံရေး၊ ပြည်ပတင်ပို့နိုင်ရေးအတွက် အလွန်အရေးကြီးကြောင်း၊ သီးနှံအထွက်နှုန်းတိုးစေရန် ထုတ်လုပ်မှုစရိတ် သက်သာစေရန်နှင့် ဈေးကွက်ရရှိအောင်စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုင်းရယ်မြို့နယ်၌ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်း အခမ်းအနား ကျင်းပ

မိုင်းရယ် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ်တွင် ခွဲဝေရရှိသော ပုလဲယူရီးယားဓာတ်မြေဩဇာများကို မြို့နယ်အတွင်းရှိ မိုးစပါး စိုက်ပျိုးသည့်တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွှန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး စိုင်းလောင်မုန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ နွေစပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးစိုးနိုင်တို့က ပုလဲယူရီးယားဓာတ်မြေဩဇာများကို တောင်သူတစ်ဦးချင်းလက်ဝယ်အရောက် ပြန်လည်ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လမ်းပြုပြင်ခြင်းလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



အင်္ဂပူ ဩဂုတ် ၂၅

လေးမျက်နှာမြို့နယ်သို့ ရေဘေးကယ်ဆယ်ရေးယာဉ်များ အဓိကသွားလာနေသည့် အင်္ဂပူမြို့နယ် ပဆင-ဒေါင့်ကြီး-ဘောဇကိုင်းလမ်းနှင့် လေးမျက်နှာမြို့နယ် ခတ္တာ-ဘိသလွန် -ကရင်တော-ကတက်ကုန်း-ရွာသာကုန်းလမ်းများအား ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးကျော်ကျော်ထွေးနှင့် ဟသ်ာတခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

# UMTA နှင့် Visit Indochina တို့ မြန်မာ – ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၅

Union of Myanmar Travel Association (UMTA) နှင့် Visit Indochina တို့ ပူးပေါင်းစီစဉ်သည့် Da Nang–Hue–Hoi An ၅ ရက် ၄ ည Famtrip ခရီးစဉ်အတွင်း မြန်မာ –ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့ဆက်၍ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း UMTA မှ သိရသည်။

အဆိုပါ Famtrip ခရီးစဉ်ကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး UMTA အသင်းဝင် ကုမ္ပဏီ ၅၈ ခုမှ ခရီးသွားလုပ်ငန်းရှင် ၆၁ ဦး ပါဝင်ကြသည်။ ခရီးစဉ်အတွင်း B2B Mini Workshop ကိုလည်း ကျင်းပခဲ့ပြီး UMTA၊ မြန်မာခရီးသွားအေဂျင်စီများ၊ Visit Indochina နှင့် ဗီယက်နမ်နိုင်ငံဘက်မှ သက်ဆိုင်ရာ Tourism Authorities နှင့် ခရီးသွား လုပ်ငန်းမိတ်ဖက်များ ပါဝင်ဆွေးနွေးသည်။

အဆိုပါ B2B Mini Workshop တွင် ခရီးသွား ဈေးကွက်အခြေအနေများ၊ မြန်မာခရီးသွား ဧည့်သည်များ၏ လိုအပ်ချက်များနှင့် နှစ်နိုင်ငံခရီးသွား လုပ်ငန်းရှင်များအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ထို့ပြင် ရှေ့ဆက်၍ Famtrip ခရီးစဉ်များ၊ B2B တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်မှုများကို ဆက်လက်မြှင့်တင်ကာ နှစ်နိုင်ငံခရီးသွား လုပ်ငန်းရှင်များအကြား စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုဖန်တီးသွားရန် UMTA နှင့် Visit Indochina တို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားကြောင်း သိရသည်။

MT



Union of Myanmar Travel Association (UMTA) နှင့် Visit Indochina တို့ ပူးပေါင်းစီစဉ်သည့် Da Nang–Hue–Hoi An ၅ ရက် ၄ ည Famtrip ခရီးစဉ်အတွင်း UMTA ၏ လှုပ်ရှားဆောင်ရွက်မှု။

## မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ (အမျိုးသား)အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မိုးကုတ် ဩဂုတ် ၂၅

မန္တလေး တိုင်းဒေသကြီး မိုးကုတ်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်/ကျေးရွာ ပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ ပြုလုပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ၂၄ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၂၀ တို့က ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲတွင် ကိစ္စကုတ်အသင်းနှင့် မင်းတံတားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးဆုံးချိန်အထိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ကိစ္စကုတ်အသင်းက မင်းတံတားအသင်းကို လေးဂိုး – သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီး ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးပါပါလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ (ခေတ္တ)ဥက္ကဋ္ဌ ရဲမှူး တင့်လွင့်ဌေးနှင့် တာဝန်ရှိသူများက တတိယဆု၊ ဒုတိယဆု၊ ပထမဆုနှင့် အကောင်းဆုံးကစားသမားဆု ရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများနှင့် ဒိုင်းဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စိုင်းလှမြင့်သိန်း(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရေတာရှည် ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ် ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် မြို့နယ် ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ U–14 ဘောလုံး အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရေတာရှည်(အရှေ့) ဘောလုံးအသင်းနှင့် ဆွာဘောလုံး အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဆွာဘောလုံး အသင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ် ပညာရေးမှူးက အကောင်းဆုံး အားကစားသမားများနှင့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများ ဆုချီးမြှင့်ပေးပြီး ပထမဆုရရှိသည့် ဆွာ ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဒိုင်းဆုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက ချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ ဒုတိယဆုရရှိသည့် ရေတာရှည် (အရှေ့)ဘောလုံး အသင်းသားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးက ချီးမြှင့်ခဲ့သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ ဌာနဆိုင်ရာများ၊ ဘောလုံး ဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❂ MFF မှ

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသလို နိုင်ငံခြားသား ကစားသမား အများအပြား ခေါ်ယူထားခြင်း၊ လက်ရွေးစင်အဆင့် ကစားသမားအများ အပြား ပိုင်ဆိုင်ထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက် အသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပခဲ့သည့် ကိုးကြိမ်တွင် သုံးကြိမ်စီ ဗိုလ်စွဲကာ အအောင်မြင်ဆုံးဖြစ်နေသည့် နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်မြောက် ဗိုလ်စွဲခဲ့သဖြင့် အအောင်မြင်ဆုံးအသင်းဖြစ်လာသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြို MFF Charity Shield ချန်ပီယံဆုကို ၂၀၁၃၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၆ ခုနှစ်တို့တွင် ရယူကာ နောက်ဆုံး သုံးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းပြိုင်ပွဲများတွင် စံချိန်တင် အောင်မြင်မှုများစွာရရှိထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြို MFF Charity Shield ပြိုင်ပွဲတွင်ပါ စံချိန်သစ်ထပ်မံ တင်ရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသား ကစားသမား ငါးဦး ပါဝင်လာပြီး နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ရဲရင့်အောင်၊ ကျော်ဇင်ဖြိုး၊ ရဲမင်းသူတို့နှင့် တွဲဖက်ပွဲထွက်လာသလို ရန်ကုန်ယူနိုက်တက်အသင်းကလည်း ဒေးဗစ်ထန်၊ မောင်မောင်လွင်၊ သန်းပိုင်၊ ဇော်ဝင်းသိန်း၊ ဇင်ညီညီအောင်စသည့် ပြည်တွင်းကစားသမားများကို နိုင်ငံခြားသားကစားသမားနှစ်ဦးနှင့် တွဲဖက်အသုံးပြုခဲ့သည်။ ပွဲမစခင်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သင်းစလုံး စိတ်ကြိုက်မကစားနိုင်သဖြင့် ပြိုင်ဆိုင်မှုအနည်းငယ် လျော့ကျခဲ့ရသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားနေသဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲခဲ့ရာ ကားလို့စ်ဒါမီယန်ဝင်လာပြီးနောက်ပိုင်း ရှမ်းယူနိုက်တက် တိုက်စစ် ပိုအသက်ဝင်လာသည်။ ၈၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အက်ဒီဆင်ဒွေါဆန်းတို့စ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက် အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး အပိုင်အခွင့်အရေး နှစ်ကြိမ်ရသော်လည်း အသုံးမချနိုင်သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကွင်းဝင်ကြေးရရှိသည့် ကျပ် ၁၁၅ သိန်းကျော်အပါအဝင် မြန်မာလိဂ်၊ ပြည်တွင်းအမျိုးသား၊ အမျိုးသမီးကလပ်အသင်းများ၊ ဘောလုံးသမားများက စုပေါင်း လှူဒါန်းငွေ ကျပ်သိန်း ၁၀၀၀ ကို ရေဘေးသင့်ပြည်သူများထံ ပြန်လည် လှူဒါန်းသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက ဒုတိယရရှိသည့် ရန်ကုန်ယူနိုက်တက်အသင်း အား ဆုတံဆိပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက ပထမရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား ချန်ပီယံဒိုင်းဆု ချီးမြှင့်သည်။

သတင်း – ကိုညီလေး
ဓာတ်ပုံ – စိုးညွန့်သော်

❍ အာရှအမျိုးသမီးမှ

အုပ်စု(B)မှ ရမှတ်ခုနစ်မှတ်ရရှိသည့် ဖိလစ်ပိုင်ကလပ် ကာယာအသင်း၊ အုပ်စု(C)မှ ရမှတ်ကိုးမှတ်ရရှိသည့် ဥဇဘက်ကစ္စတန်ကလပ် နာဆာ့ဖ် အသင်း၊ အုပ်စု(D)မှ ရမှတ်ကိုးမှတ်ရရှိသည့် မြောက်ကိုရီးယားကလပ် April 25 အသင်း၊ အုပ်စု(E)မှ ရမှတ် ခုနစ်မှတ်ရရှိသည့် အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ အုပ်စု(F)မှ ရမှတ် ကိုးမှတ်ရရှိသည့် မြန်မာကလပ် ဧရာဝတီအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ နောက်ဆုံးအဆင့် အုပ်စုပွဲများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုက်ရိုက် ကစားခွင့်ရထားသည့် လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်း၊ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ ဂျပန် ကလပ်ကိုဘေးအသင်း၊ တောင်ကိုရီးယားကလပ်ဟွာချွန်အသင်း၊ တရုတ်ကလပ် ဘေဂျင်းကျန်တန်အသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီး အသင်း၊ ခြေစစ်ပွဲအောင်အသင်းများဖြစ်သည့် မြန်မာကလပ် ဧရာဝတီ အသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်္ဂေါအသင်း၊ ဖိလစ်ပိုင်ကလပ် ကာယာ အသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆာ့ဖ်အသင်း၊ မြောက်ကိုရီးယား ကလပ် April 25 အသင်း၊ အီရန်ကလပ် ဘမ်ခါတွန်အသင်း စုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

နောက်ဆုံးအဆင့် အုပ်စုပွဲများကို လေးသင်းသုံးအုပ်စုခွဲ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယ နေရာရ အသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – စိုးညွန့်သော်

■ မန်စီးတီးမှ

တောင်ပံကစားသမား ဆာဗင်ဟို ဟာ မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံ ၈၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ခုနစ်ဂိုးသွင်းယူပေးခဲ့ပြီး ဂိုးဖန်တီးမှု ၁၆ ကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

တောင်ပံကစားသမား ဆာဗင်ဟို ဟာ ဘရာဇီးနိုင်ငံလက်ရွေးစင် အသင်းအတွက် နိုင်ငံတကာပွဲစဉ် ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ တောင်ပံကစားသမား ဆာဗင်ဟိုအား မခေါ်ယူမီ နောက်တန်း ကစားသမားတွေဖြစ်တဲ့ ဆီနီဆီနဲ့ အန်ဒရူးရော ဘတ်ဆင်တို့ကို ခေါ်ယူထားပြီး ဂိုးသမား မာတင် ဒူဗရက်ကာကိုလည်း ခေါ်ယူထားတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ တောင်ပံကစားသမား ဆာဗင်ဟိုအား စပါးအသင်းသို့ ရောင်းချခဲ့တဲ့ အပြင် အီဂျစ်တိုက်စစ်မှူး အိုမာမာမွတ်ရှ်ကိုလည်း စပါးအသင်းသို့ ရောင်းချရန် ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ငွေကြယ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်တွင် ကျရောက်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို **"Digital Agenda and Artificial Intelligence to Redesign Tourism" "ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့"**ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် ဆောင်းပါးစာမူများကို သတ်မှတ်ချက်နှင့်အညီ (၈-၉-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ Website-**www.tourism.gov.mm/en/announcements** နှင့် **www.tourism.gov.mm**/mm/ announcements တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါရန်နှင့် ဖုန်း- ၀၆၇၃၄၀၆၁၀၄ သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**ဆောင်းပါးပြိုင်ပွဲကျင်းပရေးကော်မတီ**

---

## Lucky Family Enterprise Co.,Ltd မှ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ Lucky Family Enterprise Co.,Ltd ကိုယ်စား (MD) ဒေါ်သင်းသင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်-

Lucky Family Enterprise Co.,Ltd သည် မော်တော်ယာဉ်များ တင်သွင်းရောင်းချခြင်းကို ငွေလက်ငင်းစနစ်ဖြင့်လည်းကောင်း၊ ကုမ္ပဏီအရစ်ကျဖြင့်လည်းကောင်း၊ Bank ဖြင့် ချိတ်ဆက်၍လည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များ၊ ၁၂ ယောက်စီးယာဉ်များကိုသာ ရောင်းချသောကုမ္ပဏီဖြစ်ပါသည်။

Lucky Family Enterprise Co.,Ltd မှ Lucky Draw ဆုမဲဖွင့်လှစ်ခြင်း၊ ကားမဲ ( မဲဖောက်ခြင်း)၊ မဲရောင်းချခြင်း လုံးဝမပြုလုပ်ပါ။ သို့ပါသောကြောင့် ကုမ္ပဏီအမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ လိပ်စာဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီတံဆိပ် (Logo )ဆင်တူယိုးမှားပြုလုပ်အသုံးပြု၍ မဟုတ်မမှန် လိမ်လည်မှုများပြုလုပ်ပါက ကုမ္ပဏီမှ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၂၂)**
**အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ PH: 09-422464007, 09-795598060**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ် (၁၈)ပေါ်တွင် ဆောက်လုပ်ထားသော Residence 18 Condo၊ Level 6၊ အခန်းအမှတ် (၆၀၄)၊ အကျယ်အဝန်း (၈၂၉)စတုရန်းပေအကျယ်ရှိ ကားပါကင်(၁)စီးစာအပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်အိဆုပြည့်အောင် [၅/ကသန(နိုင်)၀၉၇၅၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကိုကိုလွင်**
**အထက်တန်းရှေ့နေ (စဉ်- ၅၂၃၆၈)**
**ဖုန်း- ၀၉-၉၆၉၂၃၅၆၆၆**

---

## Thar Htet Aung (Phoe Thar) Facebook Account ပိုင်ရှင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်းခန့်သည် "Myat Yadanar San Gold & Jewellery" (107K) Facebook account၊ "myatyadanarsan2021"(63K) Tiktok account တို့အား လွန်ခဲ့သော (၅)နှစ်ကျော်ခန့်ကတည်းက စတင်ဖွင့်လှစ်၍ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ရတနာဆိုင်လုပ်ငန်းအား ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မော်လမြိုင်မြို့တို့တွင်ဆိုင်ခွဲများစွာဖွင့်လှစ်ခြင်းနှင့် အွန်လိုင်းမှ ရောင်းချခြင်းဖြင့် လက်ဝတ်ရတနာများအား အရောင်း/အလဲတို့အား ပွင့်လင်းမြင်သာစွာဖြင့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် နာမည်ပျက်မရှိဘဲ ရောင်းချလာသည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ရတနာဆိုင်နာမည်နှင့် "Myat Yadanar San Gold & Jewellery" မှ တင်ထားသောပို့စ်အား ခွင့်ပြုချက်မရှိဘဲ Thar Htet Aung (Phoe Thar)Facebook Account ပိုင်ရှင်မှ ကျွန်ုပ်မိတ်ဆွေ၏ ရတနာဆိုင်နာမည်အား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အသရေပျက်စေသော အရေးအသားများဖြင့်ရေးသား၍ လူမှုကွန်ရက်ပေါ်တွင် တစ်ဆင့်ကူးယူဖော်ပြခြင်း၊ ဖြန့်ဝေခြင်းနှင့် အဆိုပါပို့စ်အောက်တွင် Comment များ ရေးသားခြင်း၊ Like & Share များ ပြုလုပ်နေသူများအား ယခုကြေညာပါသည့် ရက်မှစ၍ (၃)ရက်အတွင်း ပြန်လည်ပယ်ဖျက်ပေးရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ Social Media Acc များနှင့်ပတ်သက်၍ လူမှုကွန်ရက်ပေါ်ရှိ Page များ၊ Mediaများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း မမှန်မကန်ရေးသားခြင်း၊ နောက်ကွယ်မှနေ၍ ရတနာဆိုင်၏ ဂုဏ်သိက္ခာကျဆင်းအောင် တမင်ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်နေမှုနှင့် မဟုတ်မမှန်လုပ်ကြံရေးသားခြင်းများအား မပြုလုပ်ရန်နှင့် ထို့အပြင် ၎င်းပို့စ်နှင့်ပတ်သက်၍ Like & Share/Comment များ ရေးသား၍ အားပေးအားမြှောက်ပြုလုပ်သူများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းခန့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိသဇင်မြင့် (LL.B, DBL, D.Eng)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၄၇၂၇)**

| ဒေါ်လပြည့်ဝင်း(LL.B,D.B.L) | ဒေါ်နွဲ့ယဉ်ဝင်း(LL.B) | ဒေါ်ဇင်မာထွေး |
|---|---|---|
| (စဉ် - ၅၁၈၇၃) | (စဉ် - ၅၂၁၁၆) | (စဉ် - ၅၂၄၁၇) |

**အထက်တန်းရှေ့နေများ**
**(၇)လမ်းနှင့် ကိုင်းတန်းလမ်းကြား၊ အနော်ရထာလမ်းမကြီး၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၆၅၄၆၁၄၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရော်ဘာသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန(ရန်ကုန်)ရှိ မြန်မာ့လယ်ယာနှင့်စက်မှုသုံးရော်ဘာပစ္စည်းထုတ်လုပ်ရေးစက်ရုံတွင်ရှိသော သက်တမ်းလွန်ဓာတုဓာတ်ဆေးနှင့် ကုန်ကြမ်းပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၂၈-၈-၂၀၂၆)ရက်နေ့မှ (၃-၉-၂၀၂၆)ရက်နေ့အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - (၃-၉-၂၀၂၆)ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲ၊ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(ရန်ကုန်)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၄၄၉၂၅၀၀၈၄၊ ၀၉-၇၈၂၂၃၆၆၂၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၉၂

| | | |
|---|---|---|
| ၁။ ဦးအောင်ကျော်သူ<br>၂။ ဒေါ်အေးအေးခိုင် | နှင့် | ဦးအေးလွင် |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း(လယ်)၊ အမှတ်-၁၆၂ နေ တရားပြိုင် ဦးအေးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်းအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၈)ရက် (၁၃၈၈-ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (အ-၁၈)၊ ဦးပိုင်အမှတ် (၁၀၄)ခဲစင်း၊ ၇၂ လမ်း၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးသီ [၉/မမန(နိုင်)၀၀၄၂၂၆]က အမှုတွဲအမှတ်(၁၉၅၂/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၆)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၃၆ လမ်း၊ ၈၆x၈၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်ဝင်း [၉/မနတ (နိုင်) ၀၂၂၈၉၇]က အမှုတွဲအမှတ်(၁၉၅၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၁)၊ ဦးပိုင်အမှတ်(၆၃)၊ ၃၉x၄၀ ကြား၊ ၈၁x၈၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ခင်စန်းမြင့် [၉/မရတ(နိုင်) ၀၃၇၇၇၃]၊ ဒေါ်ခင်မျိုးသန္တာ [၉/မဟမ(နိုင်) ၀၀၆၃၅၅]၊ ဒေါ်မေမြတ်သူဇာ [၉/မဟမ (နိုင်) ၀၁၁၂၁၉]တို့က အမှုတွဲအမှတ် (၁၉၅၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက(၃) Grade-11-Eco (C) မှ မသက်ထားဆွေနှင့် Grade-8(B)မှ မဇင်မာသွင်တို့၏ ဖခင်အမည်မှန်မှာ KAMALA PARASAD (ခ) SAN WIN [၁၂/သဃက (ပြု) ၀၀၃၆၂၃] ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၄)၊ Snow Garden (ပုဏ္ဏမီ)အိမ်ရာ စီမံကိန်းအတွင်းရှိ မြေကွက်အမှတ် ( $\frac{3/1}{E-17}$ )အား မြေငှားစာချုပ်အမည်ပေါက် Snow Garden Co.,Ltd ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးပြည့်ဖြိုးထိုက် [၁၂/တတန(နိုင်) ၁၁၈၂၁၈]၊ ဒေါ်ဇင်မာဝင်း [၁၂/တတန (နိုင်) ၁၂၄၃၁၈]တို့မှ မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်**
**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် (ပ-၉)၊ ဦးပိုင်အမှတ် (၁၀)၊ မန္တလေး-မတ္တရာ မီးရထားလမ်းမျက်နှာပြု၊ ၃၅x၃၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးကျော်သူအောင်[၉/မဟမ(နိုင်) ၀၁၁၂၇၇]၊ ဒေါ်ခိုင်သီတာမြင့် [၁/မကတ (နိုင်) ၀၀၄၉၁၃]တို့က အမှုတွဲအမှတ် (၁၉၄၉/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59 W/36044 အမျိုးအမည်- Zong Shen-110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကြည်စိုး မှတ်ပုံတင်အမှတ် [၈/ရစက (နိုင်) ၀၂၆၅၄၁]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၉)၊ ဒူးယားလမ်း၊ မြေကွက်အမှတ် (၆၁၁) ဦးလှတင်(ISN-၁၈၅၅၉၆) ဒဂ(မ)စက်မှုဦးစီး (၂၀၀၉/၉၅) နှစ်(၆၀)ဂရန်မူရင်း အမည်ပေါက် (၄၀x၆၀)ပေ ဂရန်မူရင်းမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ ဂရန်မိတ္တူမြေကွက်မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်မူရင်းအဆက်စပ်စာချုပ်များနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ချိုချိုထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဦးမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**၀၉-၄၄၀၀၉၈၆၁၄၆**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၃)၊ Royal အောင်ဇေယျ Residence တာဝါ(B)၊ အခန်း(၁၀-B) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၂၇၀)စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးရဲကျော်သူရဦး [၁၂/ဗဟန(နိုင်) ၀၉၄၃၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာပိုင်သူ (LL.B, D.B.L.)**
**အထက်တန်းရှေ့နေ(စဉ်- ၅၅၀၃၃)**
**09-400860081, 09-408098822**
**အမှတ်(1/A2)၊ မြသီတာအိမ်ရာ၊ မြင်သာ(၁၁)လမ်း၊ (၁၄/၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉/၃)၊ ဦးပိုင်အမှတ်(၆၉)၊ ရန်-မန်းလမ်းအနောက်ဘက်၊ မဇေသိန်းလမ်းတောင်ဘက်ရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သော ဒေါ်စိမ်းလဲ့လဲ့စိုး [၉/မဟမ(နိုင်) ၀၀၈၅၉၈]၊ ဦးသက်နောင်ဦး [၉/မဟမ(နိုင်) ၀၀၈၅၉၉]တို့က အမှုတွဲအမှတ် (၁၉၅၈/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၇)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၇x၆၈ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စောသီတာဝင်း [၁၃/လရန(နိုင်) ၀၉၃၈၂၅]က အမှုတွဲအမှတ်(၁၉၅၀/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းဦး [၅/ကလထ(နိုင်)၂၀၂၃၆]၊ ခေတ္တ-စင်ကာပူနိုင်ငံနေသူနှင့် ဒေါ်ဖူးဖူးနွယ် [၅/ကလထ(နိုင်)၂၀၄၆၇၆]၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေသူတို့မှာ (၂၁-၁၁-၂၀၁၆ )ရက်နေ့တွင် မင်္ဂလာဆွဲခံပွဲ ကျင်းပပြုလုပ်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ၊ သားယောကျ်ားလေး တစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိကြတော့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းဦးအနေဖြင့် ဒေါ်ဖူးဖူးနွယ်အား အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းလိုခြင်းမရှိတော့ပါ။ လင်မယားကွာရှင်းခွင့်ရရှိရန် ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစပြီး ဒေါ်ဖူးဖူးနွယ်နှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များအားလုံး ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် တာဝန်ယူဖြေရှင်းပေးတော့မည် မဟုတ်ပါကြောင်းနှင့် ဦးဇင်မင်းဦး၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် မဟုတ်မမှန်သည့်စကားများပြောဆိုခြင်း၊ အွန်လိုင်းပေါ်တွင် ပို့စ်တင်ခြင်းများမပြုလုပ်ရန်၊ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏဝင်း အထက်တန်းရှေ့နေ (စဉ်- ၄၉၀၅၅)**
**အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ 09-960867701**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျူတောကျေးရွာ၊ ကွင်းအမှတ် (၁၃၉)၊ ကွင်းအမည်-သံတဇာ၊ ဦးပိုင်အမှတ် (၁၆/လ)၊ အကျယ်အဝန်း (၇၀x၁၂၀)ပေ (၀.၁၉)ဧကခန့်ရှိ မြေကွက်နှင့် ယင်းနှင့်ပတ်သက်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအောင်ကျော်ထွန်း [၁၂/ထတပ(နိုင်) ၀၁၉၉၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေမျိုးသူ [၅/ခဥတ(နိုင်) ၀၈၅၁၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း (အနောက်) (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-450020302**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) (၄)နှစ်သင်တန်းနှင့် မွေးမြူရေးသိပ္ပံဘွဲ့ (B.A.Sc) (၄)နှစ်သင်တန်းအတွက် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေး အတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူများ၊ မွေးမြူရေး အတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 ဖြင့် အောင်မြင်သူများ၊ General Certificate of Education Advanced Level (GCE 'A' Level: CAIE) နှင့် International Baccalaureate (IB Diploma) ဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ စိုက်ပျိုးရေးဘာသာရပ်အထူးပြု (၂၀၀)ဦးနှင့် မွေးမြူရေးဘာသာရပ်အထူးပြု (၂၀၀)ဦး စုစုပေါင်း (၄၀၀)ဦး လက်ခံမည်။ အထူးပြုဘာသာရပ်အလိုက် အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

၃။ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေးအတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူ (၇၀%) နှင့် မွေးမြူရေးအတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူ (၇၀%) လက်ခံမည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲကို အနည်းဆုံး (၃၅၀)မှတ်ဖြင့် အောင်မြင်ရမည်။ စုစုပေါင်းလက်ခံမည့် ဦးရေ၏ (၂၇%)ကို လက်ခံမည်။

၅။ General Certificate of Education Advanced Level (GCE 'A' Level: CAIE) နှင့် International Baccalaureate (IB Diploma) ဖြင့် အောင်မြင်ရမည်။ စုစုပေါင်းလက်ခံမည့် ဦးရေ၏ (၃%)ကို လက်ခံမည်။ GCE 'A' Level: CAIE ကို သိပ္ပံဘာသာရပ်အထူးပြု အောင်မြင်သူများအနေဖြင့် Biology (Grade A) နှင့် Chemistry (Grade A) နှင့် Physics (သို့မဟုတ်) Mathematics (Grade B) ရရှိသူများဖြစ်ရမည်။ IB Diploma အောင်မြင်ပြီးမြောက်သူများအနေဖြင့် Biology (HL)၊ Chemistry (HL) နှင့် Mathematics (SL) များကိုဖြေဆိုပြီး ပျမ်းမျှ ၃၄-၃၆ points ရရှိသူများဖြစ်ရမည်။ ဝင်ခွင့်လျှောက်ထားသူသည် လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနမှ စိစစ်ပေးပို့လာသော လျှောက်လွှာများကိုသာ လက်ခံဆောင်ရွက်မည်။ ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် မြန်မာစာ၊ မြန်မာ့ပထဝီဝင်၊ မြန်မာ့သမိုင်း ဘာသာရပ်များ တတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းကို အောင်မြင်ရမည်။

၆။ ဝင်ခွင့်လျှောက်ထားသူသည် ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

၇။ ကွင်းလက်တွေ့လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လျှောက်ထားသူအနေဖြင့် ကျန်းမာရေး (က) အဆင့်ရှိရမည်။

၈။ တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 ဘာသာတွဲ အောင်မြင်သူများ၊ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေးအတတ်ပညာကို (Grade A)၊ မွေးမြူရေးအတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူများအနေဖြင့် ပထမနှစ်ဝင်ခွင့် လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A4 Size) ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်သည်။ www.moali.gov.mm တွင်လည်း ဝင်ခွင့်လျှောက်လွှာပုံစံကို ရယူနိုင်သည်။

၉။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ခ) အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) သက်ဆိုင်ရာ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောင်းအပ်ချိန်တွင်ပေးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း) (သို့မဟုတ်) သက်ဆိုင်ရာရဲစခန်းထောက်ခံချက်(မူရင်း)

၁၀။ လျှောက်လွှာကို အမှတ်စဉ်(၉)ပါ အထောက်အထားများနှင့်အတူ (၁၅-၁၀-၂၀၂၆) ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့သို့ လိပ်မူ၍ စာတိုက်သေတ္တာအမှတ် (၁၀၁၈၀၁) (သို့မဟုတ်) email လိပ်စာ mmaungthant360@gmail.com သို့ Scan ဖတ်၍ ပေးပို့လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အထက်ပါ email လိပ်စာ/ ဖုန်း ၀၄၅-၂၀၃၀၀၇၄၊ ၀၉-၄၂၀၇၀၃၁၀၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရွေးချယ်ခြင်း မခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရေး လျှောက်ထားမှုပြုလုပ်ထားရန် လိုအပ်ပါမည်။

၁၂။ နိုင်ငံတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့ကြေးရယူထားသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် (မဖြစ်မနေ) တာဝန်ထမ်းဆောင်ရမည်။

၁၃။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကို ကျောင်းဖွင့်ချိန်နှင့်အတူ အချိန်မီအသိပေးကြေညာသွားမည်ဖြစ်ပြီး www.moali.gov.mm တွင်လည်း အသိပေးသွားမည်ဖြစ်သည်။

**လျှောက်လွှာနမူနာပုံစံ**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)**

**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**

**(စိုက်ပျိုးရေးသိပ္ပံဘွဲ့/ မွေးမြူရေးသိပ္ပံဘွဲ့)**

**(၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည်(မြန်မာ)---------(အင်္ဂလိပ်)---------ကျား/မ---------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------- လူမျိုး-----------

၃။ မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်)------- ကိုးကွယ်သည့်ဘာသာ----

၄။ ရရှိသည့်အမှတ်စုစုပေါင်း (ဇီဝဘာသာတွဲ/ စိုက်ပျိုးရေး/ မွေးမြူရေး)

-----------------------------------------------------

၅။ ရရှိသည့် Grade (စိုက်ပျိုးရေး/မွေးမြူရေး) -----------------

၆။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်------- ခုနှစ် ---------------

စာစစ်ဌာန--------------------------------------------

၇။ အမြဲနေထိုင်သောလိပ်စာ(အပြည့်အစုံ)--------------------

-----------------------------------------------------

၈။ ဆက်သွယ်ရန်လိပ်စာ/Email/ဖုန်းနံပါတ် -----------------

၉။ ဖခင်အမည် ----------------(အင်္ဂလိပ်) -----------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် -------------------------

ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ----------------------

မိခင်အမည် --------------------- နိုင်ငံသားစိစစ်ရေးကတ်

အမှတ် -----------------------------------------------

ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် -----------------------

၁၀။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။

------------------------ ------------------------

မိဘ/အုပ်ထိန်းသူလက်မှတ် ဝင်ခွင့်လျှောက်သူလက်မှတ်

ရက်စွဲ၊ --------------------------

## “ဖခင်အမည်မှန်”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အ.လ.က (၁) Grade-8 တွင် ပညာသင်ကြားနေသော မသွန်းနဒီလင်းနှင့် Grade-5 တွင် ပညာသင်ကြားနေသော မောင်လင်းပြည့်အောင်တို့၏ ဖခင် အမည်မှန်မှာ ဦးမင်းဇော်ဝင်း [၁၄/ဘကလ(နိုင်)၂၀၇၁၀၆] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-၄၊ ဦးပိုင်အမှတ်-၆၄-ခ၊ ၅၄x၅၅ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဝင်း[၉/အမဇ(နိုင်)၀၁၄၁၁၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစုစန်း [၁၃/မဆတ(နိုင်)၀၅၈၄၆၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-ဗ-၈၊ ဦးပိုင်အမှတ်-၁၄၆၊ ၅၇x၅၈လမ်းကြား၊ ၁၁၅လမ်းxသံလမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေးကေး(ခ)အိမွေ[၉/ဝတန(နိုင်)၁၀၅၃၅၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၈၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြမြစိန် [၉/ဝတန(နိုင်)၀၉၄၀၀၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်-ယ-၄၊ ဦးပိုင်အမှတ်-၉၃၊ ၇၀x၇၁ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်အုံးစီ(ခ)ခင်အုန်းစီ [၉/မနမ(နိုင်)၀၅၆၅၅၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၉၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးမြင့် [၁/မကန(နိုင်)၀၂၉၂၀၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကျင်းပမည်

တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့တင်းနစ်အားကစားတိုးတက်အောင်မြင်ရေးအတွက် အားပေးလိုသူများ၊ ဝိုင်းဝန်းကူညီပံ့ပိုးလိုသူများ၊ တင်းနစ်အားကစားပညာရှင်များနှင့် ဝါသနာပါသူများ ဆက်သွယ်၍ အဖွဲ့ချုပ်သို့ အဆိုပြုလွှာပေးအပ်ပြီး လူကိုယ်တိုင်ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၆-၉-၂၀၂၆ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀:၀၀)နာရီ |
| ကျင်းပမည့်နေရာ | - | Indoor ကွင်း(၁၁)၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် |
| အဆိုပြုလွှာနောက်ဆုံးရက် | - | ၄-၉-၂၀၂၆ (သောကြာနေ့) မွန်းတည့် (၁၂:၀၀)နာရီ |
| ဆက်သွယ်ရန် | - | ၀၉-၉၇၂၇၂၁၉၀၁/၀၉-၆၆၆၆၉၃၂၉၆ |

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၂၄၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးစောအေပရယ်[၁၂/အစန(နိုင်)၀၃၅၁၄၁]အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များအရ တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ယခုရောင်းချသူ ဒေါ်မွေးမွေး[၁၃/ရငန(နိုင်)၀၃၃၇၀၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မီမြင့်ဆွေ[၅/ဆလက(နိုင်)၀၄၈၃၂၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၁၀)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ သွေးသောက်လမ်း၊ မြေကွက်အမှတ်(၂၆၅/က)၊ ဒေါ်သင်းသင်းစိုး၊ ဒေါ်ညိုညိုထွေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၂၃x၆၀)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းစိုး[၁၂/မဂတ(နိုင်)၀၇၀၅၆၈]နှင့် ဒေါ်ညိုညိုထွေး[၁၂/မဂတ(နိုင်)၀၇၂၉၉၇]တို့မှ အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးသက်ညွှန့်ဦး[၁၂/ဗဟန(နိုင်)၀၀၈၁၇၄]၊ ဒေါ်ခင်သီထွေး[၁၂/ဗဟန(နိုင်)၀၀၁၁၁၆]တို့မှ စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ညွှန့်ဦး၊ ဒေါ်ခင်သီထွေးတို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၀) (၁၇-၇-၂၀၁၈)**
**(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၈၁၂၀၈၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဧ)ရပ်ကွက်၊ အကွက်အမှတ်-နန-၁၀၊ ဦးပိုင်အမှတ်-၂၆၊ ၆၀Bx၆၁ကြား၊ ၁၃၂x၁၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်သန်း[၉/မနမ(နိုင်)၀၆၉၄၉၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်-၅၈၈-ဂ/G၊ ဦးပိုင်အမှတ်-၁၄၊ ၆၇x ၆၈လမ်းကြား၊ ၁၄၆Gx ၁၄၆Hလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောနိုင်(ခ)လီချင်းစိန်[၉/မရတ(နိုင်)၁၀၆၅၁၁]၊ ဒေါ်လောဆုံ[၉/မရတ(ပြု)၀၀၀၀၀၁]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင်[၅/မရန(နိုင်)၀၁၆၅၅၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်-၂၈၊ ပထမထပ်/အေ၊ (၁၂.၆ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်မိုးမဥ္ဇူသင်း[၁၂/ဗတထ(နိုင်)၀၀၁၀၂၇]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေရည်မှူး[၁၂/လမန(နိုင်)၁၄၈၅၁၉]က ဝယ်ယူရန်သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်မှူး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A(Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ ရောဂတီ(၂)လမ်း၊ မြေကွက်အမှတ်(၁၁၄၃)၊ ဦးသီဟအမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ အကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း(၁၀ပေx၆၀ပေ)ရှိ [မြေကွက်အမှတ်(၁၁၄၄)နှင့် ကပ်လျက်ရှိသောအခြမ်း] (ဂရန်မိတ္တူ)မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးနိုင်နိုင်[၁၂/ကမန(နိုင်)၀၆၄၆၉၇]မှ ဝန်ခံသဖြင့် ဦးနိုင်နိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ LL.B, D.B.L, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/၂၀၁၇)**
**အမှတ်-၈၂၊ အင်ကြင်းမြိုင်လမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်-၀၉-၇၉၉၆၈၁၂၁၇**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
### ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက် BBM, BA(EPP), BA(Journalism), BTHM, BEF ပထမနှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်းများအား ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (က) | Bachelor of Business Management | BBM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (ခ) | Bachelor of Arts (English for Professional Purposes) | BA(EPP) | (၄)နှစ် | (၁၂၀)ဦး | အချိန်ပြည့် |
| (ဂ) | Bachelor of Arts (Journalism) | BA(Journalism) | (၄)နှစ် | (၁၅၀)ဦး | အချိန်ပြည့် |
| (ဃ) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |
| (င) | Bachelor of Economics and Finance | BEF | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းများဖြစ်သော BBM, BA(EPP), BA(Journalism), BTHM နှင့် BEF သင်တန်းများသို့ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မည်သူမဆို လျှောက်ထားနိုင်သည်။

၃။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သို့ ဝင်ခွင့်လျှောက်ထားသူများသည် Online စနစ်ဖြင့် Website Page www.nmdc.edu.mm မှတစ်ဆင့် Online Admission မှ တက္ကသိုလ်ဝင်ခွင့်ကို နှိပ်၍ တိုက်ရိုက်လျှောက်ထားကြရမည်ဖြစ်သည်။ လျှောက်ထားမည့်သူများသည် မိမိ၏ ကိုယ်ပိုင် E-mail account ဖြင့် လျှောက်ထားရမည်။ (ကျောင်းတွင် လာရောက်လျှောက်ထားလိုပါက ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ (၆)ထပ်ပင်မဆောင်၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်တွင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။)

၄။ လျှောက်လွှာလက်ခံမည့်ရက် - (၂၇ -၈-၂၀၂၆) ရက်နေ့ မှ (၃၀-၉-၂၀၂၆)ရက်နေ့ ထိ

၅။ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်သည်-
- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသော ရမှတ်စာရင်း (မူရင်း)
- (ခ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/ မိတ္တူ)
- (ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ
- (ဃ) အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ဖုန်းနံပါတ်-(၁) ၀၁၈-၂၉၂၅၆၆ နှင့် ဖုန်းနံပါတ်-(၂) ၀၉-၄၂၀၁၀၀၈၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**

---

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀) လှည်းတန်း ရပ်ကွက်အမှတ်(၃) ပဉ္စမြားလမ်း၊ မြေကွက်အမှတ်(၅၁) အိမ်အမှတ်(၄)ဟုခေါ်တွင်သော မြေပေါ်ရှိ ၂-ခန်းတွဲ၆-ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ 3-A ၊တိုက်ကိုလမ်းမပေါ် မှ မျက်နှာမူကြည့်ပါက ညာဘက်/ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၂.၆ × ၅၀)ပေရှိ ရေမီးစုံတိုက်ခန်း (၁)ခန်းကို အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်အနေဖြင့် ဂရန်အမည်ပေါက်ဖြစ်သူ **ဦးသိန်းဇော်**(ကွယ်လွန်)၏ ကျန်ရစ်သူ တရားဝင်ဇနီးအဖြစ် ပိုင်ဆိုင်သည်ဟု အဆိုပြုသူ **ဒေါ်ဌေးဌေးဝင်း ( ၁၂/ကမရ(နိုင်)၀၂၉၇၆၁ )**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်သင်းသင်းမာ ( ၇/ညလပ(နိုင်)၁၃၂၅၆၆ )**က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ( ၂၄-၈-၂၀၂၆ )ရက်နေ့တွင် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၁၄ )ရက်အတောအတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးမြတ်မင်းသိန်း(LL.B) | ဒေါ်သက်သက်ဆွေ(LL.B) |
|---|---|
| DL.101(IP),WIPO(Switzerland) | DL.101(IP),WIPO(Switzerland) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄) |

အမှတ်(၄၄၅)A-4၊ ကောလိယလမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
ဆက်သွယ်ရန် Phone no - 09-968 245 587 , 09-448 031 054 .

---

## အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ကျေးရွာအုပ်စု/ရပ်ကွက် အမှတ်- ၃၊ ကွင်း/ကွက် အမှတ်-အကွက် ၁ မှော်ဘီအနောက်၊ ဦးပိုင်မြေကွက်အမှတ်-၁၅၊ ဦးပိုင်မြေကွက်အမှတ်-၁၆၊ မြေမျိုး အတန်း-မြို့မြေ၊ အကျယ်အဝန်း စုစုပေါင်း အလျား (၅၂)ပေxအနံ(၁၁၈)ပေ၊ ဧရိယာ(၀.၀၆)ဧက +(၀.၀၇)ဧက၊ စုစုပေါင်း(၀.၁၃)ဧက အကျယ်ရှိ ဦးကိုကို၊ ဦးသိန်းဝင်း၊ ဒေါ်သဇင်ဝင်းတို့ အမည်ပေါက်သည့် နှစ်(၉၀)ဂရန် မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်-၃၈၉၊ ရန်ကုန်-ပြည်လမ်း၊ ၃ ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နှစ်ထပ်တိုက် နေအိမ်နှင့် ယင်းနေအိမ်တွင် သွယ်တန်းတပ်ဆင်ထားသော ရေ မီး၊ မိလ္လာ အပါအဝင်၊ ယင်းတို့နှင့် ကပ်လျက်နောက်တွင် တစ်ဆက်တည်းရှိ မြို့နယ်ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီမှ ဦးကိုကို၊ ဦးသိန်းဝင်း၊ ဒေါ်သဇင်ဝင်းတို့ အမည်ပေါက်အဖြစ် ငွေရပြေစာထုတ်ပေးခြင်း မရှိဘဲ(လယ်သမားအခမဲ့)ဖြင့် ချထားပေးသည်မှာ မှန်ကန်ကြောင်း မြို့နယ်မှတ်ပုံတင်စာရင်းစာအုပ်တွင် တိုက်ဆိုင်စစ်ဆေးမှုအရ ထောက်ခံချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)မှော်ဘီမြို့နယ်၊ မှော်ဘီမြို့၊ စာအမှတ်-၃/၅-၃၂/မနအ(၁၀၅၉) ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ၊ ၃ ရက်နေ့တွင် ထုတ်ပေးသည့် အလျား(၄၀)ပေxအနံ(၆၀)ပေ အကျယ်ရှိ မြေကွက်အမှတ်-ET-9၊ ES-4၊ ES-5 မြေကွက်(၃)ကွက်ဖြစ်ပြီး ယင်းမြေကွက်များ အပါအဝင် ယင်းတို့နှင့် ပတ်သက်လျက်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် ဦးကိုကို[၁၂/မဘန(နိုင်)၀၁၉၇၂၇]၊ ဦးသိန်းဝင်း[၁၀/သထန(နိုင်)၀၈၄၁၀၄]၊ ဒေါ်သဇင်ဝင်း[၁၂/မဘန(နိုင်)၀၁၉၇၃၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေး[၁၂/မဘန(နိုင်)၀၀၀၄၂၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B,DBL,DML,DIL,DIPL,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း-၁၆(ခ)၊ ပထမထပ်၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၂၂၁)၊ အကျယ်အဝန်း(၀.၀၅၅)ဧကအကျယ်ရှိ ဦးခင်မောင်သိန်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ်) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂၂၁)ဟု ခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်သိန်း[၁၂/လကန(နိုင်)၀၆၆၁၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်နိုးခင်(LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၅၆၂၆၃)**
**အမှတ်(1/A2)၊ မြသီတာအိမ်ရာ၊ မြင်သာ(၁၁)လမ်း၊ (၁၄/၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-400860081, 09-458887918**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဒေါ်မြတ်သန္တာ[၁၂/လမန(နိုင်)၁၇၆၅၆၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မြတ်သန္တာ သည် YR Hijab & Fashion Gallery @User myatthandar 289 အမည်ဖြင့် TikTok / Facebook အကောင့်များဖွင့်လှစ်အသုံးပြု၍ ကုန်ပစ္စည်းများကို အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူဖြစ်ပါသည်။

ထိုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေမှာ နာမည်ဂုဏ်သတင်းကောင်းဖြင့် ရိုးသားစွာ ရောင်းချနေသူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ နာမည်သတင်းပျက်စီးစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မသမာသူများက အွန်လိုင်းမှဖြစ်စေ၊ ဆက်သွယ်မှုကွန်ရက်များမှဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ မဟုတ်မမှန်ပြောဆိုနေခြင်း၊ ရေးသားခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုမူပြောဆိုခြင်းများ ပြုလုပ်နေကြပါသည်။ အဆိုပါရေးသား ပြောဆိုနေသူများအား တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

---

## ဦးမောင်မောင်နိုင်(ခ)မုဟာမ္မဒ်အိစ္စဟားက်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ ဒေါ်စန္ဒာဝင်း (ခ)ခတီဂျာဘီ[၁/မညန(နိုင်)၁၆၆၂၅၈]ကိုင်ဆောင်သူနှင့် ဦးမောင်မောင်နိုင်(ခ) မုဟာမ္မဒ်အိစ္စဟားက်တို့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) ဗိုလ်ဆွန်ပတ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် (၃၀-၇-၂၀၂၆)ရက်နေ့ကတည်းက သွလာကေဗာအင်န် တစ်ကြိမ်အတည်ပြုပြီး၊ အပြီးအပြတ် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေအား ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်းမှုဖြစ်စေရန် ပြုလုပ်လာပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်စန္ဒာဝင်း(ခ)ခတီဂျာဘီ | ဒေါ်မာလာသန်းမြင့် |
| [၁/မညန(နိုင်)၁၆၆၂၅၈] | (LL.B, WIPO) (Switzerland) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၅) |
| | အမှတ်(၅၁)၊ အနော်မာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ |
| | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈ |

---

## မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်) Grade-9 မှ မင်းလမင်းကို၏ မိဘအမည်မှန်မှာ မင်းကျော်မိုးဦး[၁၀/ခဆန(နိုင်)၀၈၀၉၂၇] မိရွှေဝါလွင်[၁၀/ခဆန(နိုင်)၀၈၁၀၉၄]ဖြစ်ပါကြောင်း။

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်-၇၄၅၊ ဦးပိုင်အမှတ်-၅က+၆ဃ၊ ၃၁လမ်း၊ ၇၁x၇၂လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ် [၉/မရမ(နိုင်)၀၇၈၅၆၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၃၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင်[၅/မရန(နိုင်)၀၁၆၅၅၇]က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်အမှတ်-၇၆၉၊ ဦးပိုင်အမှတ်-၁-ဇ/၃၊ ၃၀x၃၁ကြား၊ ၆၇x၆၈လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးညွန့်မောင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်တင်မြိုင်[၉/မရမ(နိုင်)၀၀၉၅၅၂]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၉)၊ ဦးပိုင်အမှတ်(၁၁-က)၊ ၉၀လမ်း၊ ၃၂ x ၃၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်စိန် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၉၂၂/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်ကျော်စိုး[၉/မနတ(နိုင်)၀၀၇၅၃၀]၊ ဒေါ်မီမီမင်းစိုး[၇/တငန(နိုင်)၁၃၉၈၈၄]တို့က အမှုတွဲအမှတ်(၁၉၅၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၉၄

| | | |
|---|---|---|
| ဒေါ်စန္ဒာထွေး | နှင့် | ၁။ ဦးဦးမြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြင့်မြင့်အေး) |
| | | ၂။ ဦးခင်သိန်း |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၅၉/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာစည်(၂)လမ်း၊ အမှတ်(၃၄)နေ အယူခံတရားပြိုင် အမှတ်(၂) ဦးခင်သိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် အလုံခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်(၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ဘုန်းကြီးလမ်း(အောက်)၊ အမှတ်(၂၅)၊ အခန်း(၃-အေ)နေ ဦးသက်ညို[၁၂/လမတ(နိုင်)၀၁၉၈၃၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ -

ကျွန်ုပ်မိတ်ဆွေသည် ကိုယ်စား ဆောင်ရွက်ရန် ကိစ္စရပ်များအား ဆောင်ရွက်နိုင်ရန် ဦးဉာဏ်လှိုင်မင်း[၇/ပတန(နိုင်)၀၁၀၁၂၆]ကိုင်ဆောင်သူကို(၁၈-၈-၂၀၂၆)ရက်စွဲပါ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄/၆၇၄၈)ဖြင့် လွှဲအပ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်သော အကြောင်းအရာ ကိစ္စအဝဝကို ဆောင်ရွက်ရန် ဦးဉာဏ်လှိုင်မင်းမှ ဆက်လက် ဆောင်ရွက်စီမံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဇော်အောင် LL.B,DL-101,303** | **ဦးအောင်ကိုကို** |
| **(Geneva), DIBL (UK), DICML (UK)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၀၆၈)** |
| **ဖုန်း-၀၉-၇၆၆၈၃၃၃၈** | **ဖုန်း-၀၉-၇၇၅၁၀၀၆၀၂** |

---

## "ဦးပြည့်ဖြိုးမောင် [၈/စလန(နိုင်)၁၉၀၄၁၃]သိရှိနိုင်ရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)၊ အမှတ်-၁၄တွင် ဖွင့်လှစ်ထားသည့် ရိုးမဘဏ်(ရုံးချုပ်)၏ လွှဲအပ်ညွှန်ကြားချက်အရ -

၁။ ဦးပြည့်ဖြိုးမောင်သည် ရိုးမဘဏ်(မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ)တွင် Smart Credit Business ချေးငွေ (၂၀၀)သိန်းကို ငွေစာရင်းအမှတ် ၀၀၅၁၁၁၁၂၀၁၀၀၂ ဖြင့် (၉-၁-၂၀၂၄)ရက်နေ့တွင် Yoma Bank ၏ ချေးငွေ Website (https://smartcredit.yomabank.com)မှ ဘဏ်၏ချေးငွေစည်းမျဉ်း စည်းကမ်းချက်များကို သဘောတူလက်ခံ၍ ချေးငွေထုတ်ယူခဲ့ပါသည်။

၂။ လူကြီးမင်းမှ ချေးငွေသက်တမ်းကာလအတွင်း ချေးငွေစည်းကမ်းချက်များအတိုင်း လိုက်နာခြင်း မရှိဘဲ ငွေပေးသွင်းရန် ပျက်ကွက်ခဲ့ပါသည်။

၃။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် ရိုးမဘဏ်(မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ)သို့ပေးရန် ရှိနေသော ဘဏ်ချေးငွေများအား ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ပေးသွင်းပါရန်နှင့် ငွေပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရိုးမဘဏ်(ရုံးချုပ်)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းတင့် LL.B, D.B.L, D.I.L, D.M.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၂၈)**
**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၈၈၀၂၃၊ ၀၉-၈၉၁၆၃၅၅၉၂**

---

## "ဦးစိုင်းအွမ်ခမ်း [၁၃/မဆတ(နိုင်)၀၆၁၉၂၃]နှင့် အများသိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေယမင်းညို[၁/ဟပန(နိုင်)၀၀၉၀၇၆]နှင့် ဦးစိုင်းအွမ်ခမ်း[၁၃/မဆတ(နိုင်)၀၆၁၉၂၃]တို့သည် လွန်ခဲ့သော (၂၀-၁-၂၀၂၅) ရက်နေ့ကတည်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြပြီးနောက် သမီးတစ်ဦး ထွန်းကားကာ ယနေ့အချိန်ထိ တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိသေးသော အကြင်လင်မယားများဖြစ်ကြပါသည်။ သို့ပါ၍ ခင်ပွန်းဖြစ်သူ ဦးစိုင်းအွမ်ခမ်းနှင့်အတူ မတရားသဖြင့် ပတ်သက်ဆက်နွှယ်နေကြသော မည်သူမဆို ယခုကြေညာပါသည့်နေ့မှစ၍ လုံးဝ(လုံးဝ) မပတ်သက်ကြရန်နှင့် ဆက်လက်ပတ်သက်နေပါက ဦးစိုင်းအွမ်ခမ်းနှင့်အတူ ပတ်သက်ဆက်နွှယ်နေသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုင်းအွမ်ခမ်းနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ရွှေယမင်းညို ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုညိုမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၃၃)**
**ဖုန်း-၀၉-၄၂၁၇၁၇၂၅၇**

## မြို့တော်ဂေါက်ကွင်းရှိ အသင်းသားများ အသင်းသားလစဉ်ကြေး ပေးသွင်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသော အသင်းသား (မြန်မာ/နိုင်ငံခြားသား)အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေး ပေးသွင်းရန်ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် မြို့တော်ဂေါက်ကွင်း၏ စည်းမျဉ်းဥပဒေအပိုဒ်(၉)တွင် တစ်နှစ်နှင့်အထက် ပျက်ကွက်သောအသင်းသား (မြန်မာ/နိုင်ငံခြားသား) များအား အသင်းသားအဖြစ်မှ ရပ်စဲမည်ဟုပါရှိပါသဖြင့် အသင်းသား လစဉ်ကြေးများကို လာရောက်ပေးသွင်းနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၈

ဒေါ်သီတာ နှင့် ဒေါ်တင်မေ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ် (၉၀၉)နေ ဒေါ်တင်မေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်။ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၈၁၅/ခ၊ ရေိယာ (၂၀'x၆၀') မြေကွက်တည်နေရာ အမှတ် (၈၁၅/ခ)၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘဉာဏ် (HZA- ၀၇၅၅၇၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘဉာဏ်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ်- ၈၉၃၁/၂၀၀၈ (၁၉-၁၂-၂၀၀၈) ဖြင့် မွေးစားခြင်းခံရသူ ဒေါ်တင်စန်း [၁၄/ဟသတ(နိုင်)၀၆၇၅၀၀] မှ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ (ထောက်ခံကျမ်းကျိန်လွှာ ၂ စောင်)၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဘဉာဏ်၏ သေဆုံးမှုလက်မှတ်၊ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးမျိုးအောင်၏ သား ဦးပိုင်ပိုင်ကျော် [၁၄/ဂခမ(နိုင်) ၁၇၉၃၂၈]နှင့် (ဘ) ဦးသန်းချို၏ သမီး ဒေါ်စုဇင်နွယ် [၁၂/သလန(နိုင်)၁၄၄၅၉၀]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၁၇-၈-၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာကိစ္စအရပ်ရပ်ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုဇင်နွယ် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှအိဖြူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၈၂၇)**
**၀၉ -၂၅၃၉၀၁၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ ယုဇနမာလာလမ်းနှင့် ယင်းမာလမ်းထောင့်၊ အမှတ်- ၁၆၂/၁၊ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ၊ ခေါင်းရင်းခန်း၊ (၅၃ပေx ၁၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်သက်သက် [၁၀/မဒန(နိုင်) ၀၀၃၃၂၅]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မဥ္ဇူနှင်းခက် [၇/ဖမန(နိုင်) ၁၃၆၆၂၂]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မဥ္ဇူနှင်းခက်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၄၃၀)၊ မြေအကျယ်အဝန်း (၄၀x ၆၀)ပေရှိ ဦးလှထွန်း (DH-၀၀၈၄၁၀) အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၄၃၁)နှင့် ကပ်လျက်အခြမ်း၊ အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ထားသူ ဦးနိုင်လင်း [၅/ကဘလ(နိုင်)၁၇၁၅၃၇]မှ အရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့ယမင်းသွင် [၁၂/ဒဂမ(နိုင်)၀၂၆၁၈၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေနွယ်အောင်(LLB,WIPO,Switzerland)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၈၄၇)**
**အမှတ်(၆/၁)၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း- ၀၉-၄၂၀၂၁၇၂၇၂ ၊ ၀၉-၉၆၄၂၁၇၂၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ ပဲခူးလမ်း မြေတိုင်းရပ်ကွက်အမှတ်- သကမ/၁၁၊ မြေကွက်အမှတ်- ၁၃၄/က၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိဦးထိန်လင်း အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိအဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ငွေစန္ဒာဌေး [၉/မကန(နိုင်) ၀၇၈၇၉၆]က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ခိုင်မာတိကျသော စာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မျိုးပပအောင် (LL.B)** | **ဒေါ်ခိုင်မာမင်းညွန့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၁၈၅၁၇)** | **(စဉ်- ၁၇၅၀၁)** |

**အမှတ်- ၄၂၊ (ဒုတိယထပ်)၊ ၃၆-လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၀၈၄၉၉၂ ၊ ၀၉-၇၅၅၅၃၉၂၉**

## အများသိစေရန် ကြေညာခြင်း

Min Htel War Trading Co.,Ltd. မှ Managing Director ဖြစ်သူ ဦးသန့်ဇင်အောင် [၁၄/ဒဒရ(နိုင်) ၁၀၁၄၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယု (၄)လမ်း၊ အမှတ်(၁၃၃) မြေညီထပ်နေ ဒေါ်ဂျူးဂျူးမိုးစက် (ဘ) ဦးကျော်စိုးမိုး [၁၂/ဒဂမ(နိုင်)၀၄၀၁၅၇] ကိုင်ဆောင်သူသည် မင်းထည်ဝါကုမ္ပဏီလီမိတက်တွင် Managing Assistant အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျူးဂျူးမိုးစက်မှာ မင်းထည်ဝါထရေးဒင်းကုမ္ပဏီမှ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိ၍ (၁၀-၈-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီဝန်ထမ်းအဖြစ်မှ အပြီးထုတ်ပယ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်အောင် [၁၄/ဒဒရ(နိုင်)၁၀၁၄၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၂၂)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀x၅၀) ပေရှိ မြေနှင့် နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းငြိမ်း [၁၄/ဟသတ(နိုင်)၁၉၇၈၉၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစူပါကျန်း [၇/ဖမန(ပြု)၀၀၀၂၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ နှင်းဆီ (၁)လမ်း၊ အမှတ် (၈၁၄ ဒ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးသန်းအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် နေအိမ်အား အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သန်း [၁၂/ဥကမ(နိုင်) ၁၄၃၆၆၆] ပါ (၃)ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်မြင့် [၁၂/ဥကမ (နိုင်) ၁၄၀၈၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## "မွေးသက္ကရာဇ်အမှန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၇၉) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အိမ်အမှတ် (၁၀၀)နေ (ဘ) ဦးစိုးမင်းဦး [၁၄/မမက(နိုင်) ၂၆၃၉၅၄]၏ သမီး၊ D အောင်ပိုင် (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-9 တွင် ပညာသင်ကြားနေသော မမိုးဟန်နီကို၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၇-၂၀၁၀) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၁၃)၊ ဦးပိုင်အမှတ် (၄၅)၊ ၅၀x၅၁ ကြား၊ ၁၁၇x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်ရင်မြ [၉/ မနတ(နိုင်)၀၁၈၀၈၃]၏အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် (၄၇၁၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးနှင်းခိုင် [၉/ပဥလ(နိုင်) ၀၁၇၆၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၉-၁၉)၊ ဦးပိုင်အမှတ် (၆)၊ ၅၀x၅၁ ကြား၊ ၁၀၈ လမ်းရှိ တကက ရွှေသိန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ကျင်စိန်က တရားပြိုင် တပ်ကြပ်ကြီး ရွှေသိန်း (ခ) ဦးရွှေသိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၂၁/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ကျင်စိန် [၁၃/ပလတ (နိုင်) ၀၁၂၃၇၅]က ၄၄၀၀/၊ ၄၀၀၀/၊ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၄၂)၊ ဦးပိုင်အမှတ် (၇၄-က)၊ ၈၀ လမ်း၊ ၃၅x၃၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကျန်ကွေဖန်(ခ) လီလီ [၁/မကန (ဧည့်) ၀၀၀၃၀၇]၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၆၃/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြောင်ဖစော်(ခ)သောင်းဝင်း [၅/ခတန(ပြု) ၀၀၀၁၄၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
## တွံတေးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၂၄

**၁။ ဒေါ်သဇင်အေး** **နှင့်** **ဒေါ်ရီမာ**
**၂။ ဦးဇော်ထက်အောင်**
**(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သဇင်အေး)**
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ သဝန်းတောကျေးရွာအုပ်စု၊ ကျွဲသလင်းကျေးရွာနေ ဒေါ်ရီမာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ငွေကျပ် ၁၅၂၀၀၀၀၀/ကျပ်နှင့် နစ်နာကြေးငွေ ၄၈၀၀၀၀၀/ကျပ်၊ စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀၀၀ ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ် ၁၄ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီ**အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖေလင်းအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တွံတေးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ မြေကွက်အမှတ် (၁၄၃)၊ အကျယ်အဝန်း(အလျား ၄၀x အနံ ၆၀) ပေရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ခင်စန်းတင့် (ISN-525188)အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား ၂၀x အနံ ၆၀)ပေရှိ မြေကွက် [မြေကွက်အမှတ် (၁၄၂)နှင့် ကပ်လျက်ရှိ မြေကွက်]နှင့် သွပ်ပြားမိုးသစ်သားအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ရောင်းချခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံပြောဆိုသည့် ဦးအောင်မြင့်သိန်း (ဘ) ဦးအောင်ကြည် [၁၂/ဒဂတ(နိုင်)၀၂၆၅၁၀]က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတွင်းခိုကျင် (ဘ) ဦးဆောင်းဇဒါလ်း [၄/တတန(နိုင်)၀၀၅၆၉၉] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတွင်းခိုကျင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျိန်ထိတ်ကိမ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၇၀၁)**
**အမှတ်(၂၅)၊ သဇင်လမ်း၊ (၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၄၅၆၆၄၄၃၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်ရပ်ကွက်၊ အမှတ် (၁၁၃၃)၊ စံပယ်ခြံ (၁)လမ်း၊ ဧရိယာ (အလျား ၅၂ပေx အနံ ၂၀ပေ)ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်ဖြစ်သူ **ဒေါ်ခင်အေး [၁၂/မဘန(နိုင်) ၀၉၆၈၈၉]** ကိုင်ဆောင်သူထံမှ (၆-၆-၂၀၁၅) ရက်နေ့စွဲပါ ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ **ဒေါ်သန်းသန်းဝင်း** (ဘ) **ဦးဝင်းရွှေ [၁၂/မဂဒ(နိုင်) ၀၀၂၈၃၂]**၊ အမှတ် (၁၉)၊ မင်္ဂလာလမ်း၊ ပ/စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၂၃-၈-၂၀၂၆) ရက်နေ့စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူခဲ့ပြီးနောက် အိမ်ခြံမြေရောင်းချမှုတန်ဖိုးအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအိမ်ခြံမြေရောင်းဝယ်မှုနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသည့် မည်သူမဆို ယခုကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း မိမိပိုင်ဆိုင်မှု တရားဝင်အထောက်အထား စာရွက်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ကာလ ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဤအိမ်ခြံမြေအရောင်းအဝယ်ကိစ္စအား ပြီးပြတ်သည်အထိ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးဟန်, B.A (Law), LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၅၄၆/၈၈)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၅/စီ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁ ၅၃၂၉၃**

## "သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗဟိုရိစည်လမ်း၊ အမှတ် (၃၈၉/က)တွင် နေထိုင်သူ ဒေါ်သင်းမြတ်မှူး [၁၂/လသယ (နိုင်) ၁၁၇၇၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လွှဲအပ်ညွှန်ကြားသူသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ စက်မှုလမ်း၊ မြေတိုင်းအမှတ်(သ.က.မ ၆)၊ မြေကွက်အမှတ် (၆၇၈)၊ အလျား(၄၀)ပေx အနံ (၆၀)ပေ၊ ဧရိယာ (၀.၀၅၅) စတုရန်းပေ အနက်မှ (ခေါင်းရင်းခြမ်း အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၆-၆-၂၀၂၄)နေ့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်းသိရပါသည်။ အဆိုပါ ခြံမြေနှင့်ပတ်သက်၍ နှစ်(၆၀)ဂရန်မူရင်း အမည်ပေါက်ဖြစ်သော ဦးသိန်းလှိုင် (ဘ) ဦးရှောင်ကြိုင် [၁၂/အလန (နိုင်) ၀၁၈၀၀၃]နှင့် လွှဲအပ်ညွှန်ကြားသူအား ရောင်းချထားသော ဦးစိုးသက် (ဘ) ဦးခင်မောင် [၁၄/ညတန (နိုင်) ၁၀၁၆၀၄]၊ ဒေါ်စန်းစန်းဌေး (ဘ) ဦးစန်းမြင့် [၁၄/ညတန(နိုင်) ၁၁၁၄၉၀]တို့အနေဖြင့် လွှဲအပ်ညွှန်ကြားသူ ဝယ်ယူခဲ့သော အိမ်နှင့်မြေအား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ဂရန်အမည်ပေါက်ပြောင်းလဲရန် အကြောင်းပေါ်ပေါက်လာသည့်အတွက် လူကြီးမင်းတို့၏ နေထိုင်ရာလိပ်စာများ စုံစမ်းရန် အခက်အခဲရှိသဖြင့် ယခုကြော်ငြာပါသည့် (၇)ရက်အတွင်း ကျွန်ုပ်နှင့် ဆက်သွယ်ဆောင်ရွက်ပါရန် တောင်းဆိုအပ်ပါသည်။ လိုက်နာမှုမရှိက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်သင်းမြတ်မှူး** | **ဦးကျော်မျိုး** |
| **[၁၂/လသယ(နိုင်)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၁၈၂/၁၇)** |
| **၁၁၇၇၁၆]** | **အခန်း(၁၀၄)၊ ပထမထပ်(ယာ)၊ တိုက်(၅)၊ အောင်ဇေယျလမ်း၊** |

**အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၆၅၇၈၀၀၃၉၊ ၀၉-၇၉၁၄၉၈၉၀၀**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ၁၀ ရက်ကြာ ကျင်းပလျက်ရှိရာ ယနေ့တွင် (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❐

# MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲပြီး ချန်ပီယံဆုလေးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းဖြစ်လာ



MFF Charity Shield ပြိုင်ပွဲတွင် အအောင်မြင်ဆုံးဖြစ်လာသည့် ရှမ်းယူနိုက်တက်အသင်း အောင်ပွဲခံနေစဉ်။

**ရန်ကုန် ဩဂုတ် ၂၅**

MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက် အသင်းက ရန်ကုန်ယူနိုက်တက် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။ ဘောလုံးပွဲမစတင်မီ မွန်းလွဲ ၂ နာရီမှစ၍ ဖြိုးကြီး၊ ဖြိုးပြည့်စုံ၊ မေခလာ၊ ဂျူဝယ်လ်စသည့် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ✪

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့နံနက် ၅ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# မန်စီးတီးတောင်ပံကစားသမား ဆာဗင်ဟိုအား ပေါင် ၇၅ သန်းဖြင့် စပါးအသင်းခေါ်ယူ

စပါးအသင်းဟာ မန်စီးတီးအသင်းမှ ဘရာဇီးတောင်ပံကစားသမား ဆာဗင်ဟိုအား ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ဘရာဇီးကြယ်ပွင့် ဆာဗင်ဟိုဟာ ၂၀၂၄ ခုနှစ်က ပြင်သစ်ကလပ် ထရိုင်းယက်စ်အသင်းကနေ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ကြေး ပေါင် ၃၀ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ■

# အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ဧရာဝတီအပါအဝင် ခြေစစ်ပွဲအောင်အသင်းအားလုံး စုံလင်စွာ ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာကလပ် ဧရာဝတီအသင်း အပါအဝင် ခြေစစ်ပွဲအောင် အသင်းအားလုံး စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး တစ်သင်းစီ ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်သည်။ ခြေစစ်ပွဲအပြီးတွင် အုပ်စု (A) မှ ရမှတ် ကိုးမှတ်ရရှိသည့် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ **စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ❍




## ယနေ့ ဖတ်စရာ

**ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU ရထားအား ခဲဖြင့်ပေါက်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၁၄

**UMTA နှင့် Visit Indochina တို့ မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်** စာမျက်နှာ » ၁၈